
စိတ်ကူးချိုချိုအနုပညာ

# HERMANN HESSE
# PETER CAMENZIND



# ပီတာကာမင်ဇင်း

မောင်ထွန်းသူ

မြန်မာပြန်

ဒုတိယအကြိမ်

mgyoe.com

# HERMANN HESSE

## PETER CAMENZIND



tun0046

2500.00 Ks

mgyoe.com

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

ဝိတာကာမင်ဇင်း
မောင်ထွန်းသူ - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၅၊
စာမျက်နှာ ၂၂၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ဝိတာကာမင်ဇင်း

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ပီတာကာမင်ဇင်း

မောင်ထွန်းသူ
မြန်မာပြန်




ဒုတိယအကြိမ်

mgyoe.com

mgyoe.com

# မြန်မာပြန်သူ၏အမှာ

ဤဝတ္ထု ပီတာကာမင်ဇင်း[1]ကိုရေးခဲ့သူမှာ ကမ္ဘာကျော် ဂျာမန် စာရေးဆရာကြီး ဟာမန်ဟက်စ်[2]ဖြစ်သည်။ ဟာမန်ဟက်စ်အား ဂျာမန် စာရေးဆရာကြီးဟု ဆိုနေကြသော်လည်း သူသည် ဂျာမန်လူမျိုးအစစ်မဟုတ်ပေ။ သူ့ မိဘနှစ်ပါး၏ မျိုးရိုးဇာတိကိုကြည့်လိုက်လျှင် ယင်းအချက်မှန်ကန်သည်ကို တွေ့ရသည်ဟု ဝေဖန်သူများက အဆိုပြုကြသည်။

ဟာမန်ဟက်စ်ကို ၁၈၇၇ ခုနှစ်တွင် ကောလ်မြို့၌[3] မွေးဖွားခဲ့သည်။ သူ့အဖေ၏ဖခင် သူ့အဘိုးသည် ဂျာမန်–ရုရှားကပြားတစ်ဦးဖြစ်၍ သူ့ဖခင်မှာ ဆွစ်ဇာလန်နိုင်ငံသားဖြစ်သည်။ သူ့မိခင်မှာ ဆွစ်ဇာလန်လူမျိုးအနွယ်ပင်ဖြစ်သည်။ ဟက်စ်ကိုယ်တိုင်မှာလည်း ၁၈၉၁ ခုနှစ်၊ သူ့အသက် (၁၄) နှစ် အရွယ်မှ ၁၉၂၃ ခုနှစ်၊ အသက် (၄၆) နှစ်အထိသာ ဂျာမန်နိုင်ငံသားဖြစ်ခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် သူသည် ဆွစ်ဇာလန်နိုင်ငံသားအဖြစ်ခံယူခဲ့ရာ ကွယ်လွန်ချိန်အထိပင် ဆွစ်ဇာလန်နိုင်ငံသားအဖြစ် သူ့ဘဝကိုရပ်တည်ခဲ့လေသည်။

---

၁။ Peter Camenzind

၂။ Hermann Hesse

၃။ Calw

mgyoe.com

mgyoe.com



ဟက်စ်၏ဖခင်သည် ရေဖျန်းခရစ်ယာန်ဘာသာဝင် သာသနာပြုတစ်ဦးဖြစ်၍ အိန္ဒိယနိုင်ငံ၌ နှစ်ပေါင်းများစွာအလုပ်တာဝန်ဖြင့် နေထိုင်ခဲ့ဖူးသည်။ ဖခင်ကိုအကြောင်းပြု၍ သူသည် ငယ်ရွယ်စဉ်အခါက ဆွစ်ဇာလန်နိုင်ငံနှင့် မြောက်ပိုင်း ဂျာမနီရှိ 'ရေဖျန်း ခရစ်ယာန်သာသနာပြု ကျောင်း'၌ ပညာသင်ကြားခဲ့ရသည်။ သာသနာပြုကျောင်း၌ ပညာသင်ယူခဲ့ရသော ဟာမန်ဟက်စ်သည် ဘာသာရေးနှင့်ဆက်စပ်ယှက်နွယ်နေသည့် ပညာသင်ကြားမှုစနစ်အပေါ်၌ များစွာစိတ်ပျက်ခဲ့သည်။

ကျောင်းမှထွက်သည့်အခါ၌ သူသည် တူတင်ဂျင်း[၁] နှင့် ဘာဆဲလ်[၂] မြို့များ၌ စာအုပ်အရောင်းလုပ်ငန်းဖြင့် သူ့ဘဝကို အစပြုခဲ့သည်။ ထို့နောက် စာရေးဆရာဘဝဖြင့် အသက်မွေးတော့မည်ဟု ဆုံးဖြတ်ကာ အားလပ်ချိန်ရတိုင်း စာကိုစတင်ရေးသားခဲ့သည်။ ဤသို့ဖြင့် ငယ်စဉ်ကတည်းက ကဗျာဝါသနာကြီးမားခဲ့သော ဟာမန်ဟက်စ်သည် အသက် (၂၁) နှစ်အရွယ်တွင် ကဗျာစာအုပ်တစ်အုပ် ထုတ်ဝေခဲ့သည်။

ထို့နောက် ဟာမန်ဟက်စ်၏ ဒီမင်း[၃]ဝတ္ထုထွက်လာသည်။ သူသည် ထိုဝတ္ထုတွင် 'စိတ်ကိုခွဲခြမ်းစိတ်ဖြာ၍ ပြထားသည့် သဘောတရားများ'[၄] ကို ထင်ဟပ်ပြခဲ့သည်။ ထိုဝတ္ထုကြောင့် ဟာမန်ဟက်စ်၏နာမည်သည် ဥရောပနိုင်ငံများအတွင်း၌ လူသိများလာခဲ့သည်။ ဒီမင်းဝတ္ထုသည် ဟာမန်ဟက်စ်အတွက် အောင်မြင်မှုရခဲ့သော စာအုပ်တစ်အုပ်ဖြစ်လာခဲ့၏။ ထိုစာအုပ်ထွက်ပြီးနောက် 'သိဒ္ဓတ္ထ[၅]၊ စတက်ပင်ဝုဖ်[၆]၊ နာဇစ် အင်ဂိုးလ် မတ်ဒ်[၇]၊ ဂျားနီးတူသည်အိစ်[၈] အစရှိသော စာအုပ်များထွက် လာခဲ့သည်။ ယင်းစာအုပ်များမှာလည်း အလွန်လူကြိုက်များသော စာအုပ်များအဖြစ် ထင်ရှားကျော်ကြားခဲ့လေသည်။

---

၁။ Tubingen
၂။ Basle
၃။ Demian
၄။ Psychoanalytic
၅။ Siddhartha
၆။ Steppen Wolf
၇။ Naziss and Goldmunnd
၈။ Journey to the East

mgyoe.com

mgyoe.com



၁၉၃၀ ပြည့်နှစ်တွင် ဟာမန်ဟက်စ်၏ နာဇစ်အင်ဂိုးလ်မတ်ဒ် အမည်ရှိဝတ္ထု ထွက်လာသည်။ ယင်းဝတ္ထု၏ဇာတ်လမ်းမှာ ဥရောပအလယ်ခေတ်မှ ရဟန်းနှစ်ဦး၏ဘဝကိုရေးဖွဲ့ထားခြင်းဖြစ်သည်။ တစ်ဦးတည်းသော ရဟန်းမှာ မိမိ၏ဘာသာတရားအပေါ်၌ အလွန်အားရကျေနပ်လျက်ရှိပြီး နောက်တစ်ဦးကတော့ ဘဝငြိမ်းချမ်းရေးနှင့်လွတ်မြောက်ရေးကို မရပ်မနား ဆက်လက်ရှာဖွေနေသူဖြစ်သည်။ ဇာတ်လမ်းဆန်းကြယ်သည်နှင့်အမျှ ရဟန်းနှစ်ပါးတို့၏ အတွေးအမြင်၊ အယူအဆနှင့် ဘဝဒဿနများကို တင်ပြထားသဖြင့် နာမည်အလွန်ကြီးသည့်ဝတ္ထုအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

၁၉၄၃ ခုနှစ်တွင် ဟာမန်ဟက်စ်၏ မက်ဂျစ်စတာလူဒီ[၉]ဝတ္ထု ထွက်လာသည်။ ဟာမန်ဟက်စ်၏ ဘဝဒဿနများကို မြင်တွေ့ကြရပြန်သည်။ ယင်းဝတ္ထုမှာလည်း ကမ္ဘာစာပေလောက၌ ထူးခြားသောမှတ်တိုင်အဖြစ် စိုက်ထူနိုင်ခဲ့သည်။ ဤဝတ္ထုကိုအကြောင်းပြု၍ ဟာမန်ဟက်စ်သည် ၁၉၄၆ ခုနှစ်တွင် ကမ္ဘာစာပေနိုဘယ်ဆုကို ရရှိခဲ့လေသည်။ ထိုအချိန်မှစ၍ ဟာမန်ဟက်စ်အား ကမ္ဘာစာပေပညာရှင်များက နှစ်ဆယ်ရာစုနှစ်၏ နာမည်အကြီးဆုံး ကမ္ဘာစာရေးဆရာများထဲတွင် တစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ကြ၏။ ၁၉၆၂ ခုနှစ်တွင် ဟာမန်ဟက်စ်ကွယ်လွန်ခဲ့သည်။ သူ ကွယ်လွန်ချိန်တွင် အသက် (၈၅) နှစ်မျှရှိခဲ့လေပြီ။

◆ ◆ ◆

ပီတာကာမင်ဇင်းအမည်ရှိ ဤစာအုပ်ကို ကျွန်တော်ဖတ်ပြီးသည်မှာ ကြာခဲ့ပြီ။ အနည်းဆုံး အနှစ်နှစ်ဆယ်လောက်တော့ရှိပြီဟု ထင်ပါသည်။ သို့သော်လည်း ထိုစာအုပ်ကို မေ့မေ့ပျောက်ပျောက် ဖြစ်နေခဲ့ပါသည်။ လွန်ခဲ့သော ၁၉၈၉ ခုနှစ်ခန့်ကမှ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ(ကို)စိုးမြင့်လတ်က ဤစာအုပ်ကို ကျွန်တော့်ထံလာပို့သည်။ သူက 'ဆရာစိတ်ဝင်စားရင် ဖတ်ကြည့်စမ်းပါ။ သဘောကျရင်လည်း ဆရာ ဘာသာပြန်နိုင်တာပေါ့' ဟုပြောသွားသည်။

---

၉။ Magistar Ludi

mgyoe.com

mgyoe.com



ထိုစဉ်က ကျွန်တော်မြန်မာပြန်ထားသည့် ဟာမန်ဟက်စ်၏ဝတ္ထု တစ်အုပ်ကို ဘဝတက္ကသိုလ်စာပေမှ ထုတ်ဝေပြီးစဖြစ်သည်။ ထိုစာအုပ်၏ မူရင်းအမည်မှာ Rosshalde ဖြစ်၍ ကျွန်တော်က 'မြိုင်ခေမာ' ဟု အမည်ပေးခဲ့သည်။ မြိုင်ခေမာသည် ဟာမန်ဟက်စ်၏ လက်ရာကောင်းတစ်ပုဒ်ပင်ဖြစ်သည်။ စိတ်သဘောချင်းမတိုက်ဆိုင်မှုကြောင့် အိမ်ထောင်ရေးဒုက္ခနှင့် ရင်ဆိုင်နေရသော ပန်းချီဆရာတစ်ယောက်၏ဘဝကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ တစ်ဦးတည်းသောသားငယ်၏ သံယောဇဉ်ကြောင့် မလွတ်မြောက်နိုင်ဖြစ်နေရသော ပန်းချီဆရာ၏ဘဝသည် တရားကျစရာကောင်းလွန်းလှသည်ကို မြိုင်ခေမာ၌ တွေ့ကြရသည်။

ဟာမန်ဟက်စ်သည် လူတို့၏စိတ်ပိုင်းဆိုင်ရာ သဘောသဘာဝများကို ခွဲခြမ်းစိတ်ဖြာ၍ သူ့ဝတ္ထုများနှင့် သူ့ဇာတ်ကောင်များတွင် ထင်ဟပ်ဖော်ပြလေ့ရှိသူဖြစ်သည်။ သူပိုင်အတွေးအခေါ်များနှင့်ယှဉ်၍ သူ၏ဘဝဒဿနများကိုလည်း ထင်ဟပ်ဖော်ပြလေ့ရှိသူဖြစ်၏။ ထို့ကြောင့်ပေလားမသိ၊ သူ့စာအုပ်များကို ဖတ်လိုက်လျှင် ရုတ်တရက် ချက်ချင်းသဘောမပေါက်၊ နားမလည်နိုင်သည့် အဟန့်အတားလေးများနှင့် ရင်ဆိုင်ရတတ်သည်။ တစ်ခါတစ်ရံ သူ့စာများကို ခွဲခြမ်းစိတ်ဖြာပြီး 'ဖြေ' ကြည့်ရတတ်သည်။ ထိုအခါကျမှပင် သူ၏နက်ရှိုင်းသောအမြင်များကို သဘောပေါက်လာတတ်ပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ပီတာကာမင်ဇင်းအပေါ်၌ စိတ်ဝင်စားခဲ့ဖူးသူဖြစ်သည်။ ယခု ကိုစိုးမြင့်လတ်လာပေး၍ ဖတ်လိုက်သည့်အခါတွင်လည်း ပို၍စိတ်ဝင်စားခဲ့ရပါသည်။ ၁၉၀၄ ခုနှစ်က ရေးသားထုတ်ဝေခဲ့သော ပီတာကာမင်ဇင်းသည် စိတ်ဝင်စားစရာကောင်းနေဆဲဟု ယူဆပါသည်။ ဤဝတ္ထုသည် ဆွစ်ဇာလန်နိုင်ငံ၏တောင်ပေါ်ရွာတစ်ရွာမှ ထွက်ခွာလာပြီး သာယာပျော်ရွှင်မှုကို လိုက်လံရှာဖွေခဲ့သော ကဗျာဝါသနာရှင်လူငယ်တစ်ယောက်၏ဘဝကို ဖွဲ့ဆိုထားခြင်းဖြစ်၏။ ယနေ့ လူငယ်လူရွယ်များအတွက် သင့်တော်မည့် စာအုပ်တစ်အုပ်ဟု ကျွန်တော်မြင်ခဲ့ပါသည်။

သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော် ဤစာအုပ်ကို လက်ရှောင်နေခဲ့ရသည်။ ၁၉၉၉ ခုနှစ်၏ နှစ်ဦးပိုင်းတွင်မှ ကျွန်တော့်သား

mgyoe.com

mgyoe.com



ငယ်ပိုင်စိုးသူမှတစ်ဆင့် ကြယ်စင်လင်း စာအုပ်ထုတ်ဝေရေးကို လုပ်ကိုင်နေသော ကဗျာဆရာ ကိုမင်းထက်မောင်နှင့် သိကျွမ်းခဲ့ရသည်။ တစ်ရက်တွင် လူချင်းဆုံမိခဲ့ကြရာ ကျွန်တော်က ပီတာကာမင်ဇင်း အကြောင်းကို ပြောပြမိသည်။ သူကလည်း ချက်ချင်းပင် စိတ်ဝင်စားခဲ့သည်။ ဤသို့ဖြင့် ကျွန်တော်သည် ပီတာကာမင်ဇင်းကို ပြန်ဆို ဖြစ်ခဲ့ပါသည်။

ပီတာကာဇင်မင်းသည် ဟာမန်ဟက်စ်၏ ပထမဆုံးလက်ရာဖြစ်ပါသည်။ သူ၏အသက် (၂၇) နှစ်အရွယ်တွင် ထုတ်ဝေခဲ့သောစာအုပ်ဖြစ်သည်။ အနုပညာသည်တစ်ယောက်၏ သူငယ်ဘဝနှင့်လူငယ်ဘဝက ရင်ဆိုင်ခဲ့ရသည့် စိတ်ပဋိပက္ခများကို ဖော်ပြထားသော ဝတ္ထုဖြစ်ပါသည်။ ပီတာကာ မင်ဇင်းအပေါ်၌ လူငယ်လူရွယ်သာမက လူကြီးများကပါ စိတ်ဝင်စားကြလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

◆ ◆ ◆

ပီတာကာမင်ဇင်းနှင့်ပတ်သက်၍ ကျွန်တော့်တွင် ပြောစရာရှိနေပါသည်။ ယင်းမှာ 'ပီတာကာမင်ဇင်း'မူရင်းစာအုပ်ကို ကျွန်တော့်အားလက်ဆောင်ပေးခဲ့သည့် စာရေးဆရာ(ကို)စိုးမြင့်လဘ်နှင့် 'ပီတာကာမင်ဇင်း' ကို ဘာသာပြန်ဖြစ်အောင် အားပေးကူညီခြင်းပြုခဲ့သော 'ကြယ်စင်လင်းမှ ကိုမင်းထက်မောင်'အား အထူးကျေးဇူးတင်ကြောင်း ဖော်ပြခြင်းဖြစ်သည်။

❑

မောင်ထွန်းသူ
၇၊ စက်တင်ဘာ၊ ၁၉၉၉။

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ၁။

အစသည် ဒဏ္ဍာရီသဖွယ် ဖြစ်သည်။ တစ်ချိန်သောအခါက ဘုရားသခင်သည် သူ၏စကားမှာတမ်းများကို ဟိန္ဒူများ၊ ဂရိများနှင့် ကျူတန်များ၏ စိတ်မှတစ်ဆင့် ပေးပို့မှာကြားနေသကဲ့သို့ပင် အခုလည်း သူသည် သူ၏ မေတ္တာတရားကို ကလေးသူငယ်တိုင်းမှတစ်ဆင့် နေ့စဉ်နေ့တိုင်း ဆက်လက်ဖော်ပြလျက် ရှိလေသည်။

ကျွန်တော့်ဘဝတွင် ထိုစဉ်အခါက ကျွန်တော့်မွေးရပ်ဌာနေရှိ ရေကန်၊ တောင်တန်းနှင့် မြစ်ချောင်းများ၏ နာမည်များကိုပင် မသိခဲ့ပါ။ သို့တစေလည်း နေရောင်အောက်၌ အစက်အပြောက်ကလေးများ [illegible]တိ ကွက်ကျား ကျဆင်းနေကြသော အလင်းရောင်ကလေးများနှင့်အတူ ဝင်းလက်တောက်ပနေသည့် စိမ်းပြာပြာရေပြင်ကိုမူ ကျွန်တော်မြင်ခဲ့ရပါသည်။ မတ်စောက်သော တောင်တန်းကြီးများနှင့် ယင်းတို့၏လျှိုမြောင် ချောက်ကမ်းပါးများ၏ အမြင့်ဆုံးအပိုင်းများအပေါ်၌ တဝင်းဝင်း တလက်လက် ဖြစ်နေသော ဆီးနှင်းပြင်များကိုလည်းကောင်း၊ ရေတံခွန်အများအပြားကိုလည်းကောင်း၊ တောင်တန်းကြီးများ၏ခြေရင်းမှ ဝင်းလက်နေသော မြက်

mgyoe.com

mgyoe.com


ခင်းပြင်များကိုလည်းကောင်း၊ သစ်သီးခြံများ၊ ကျွဲအုပ်၊ နွားအုပ်ကြီးများနှင့် အတူနေထိုင်လျက်ရှိကြသည့် လူများကိုလည်းကောင်း ကျွန်ဘော်မြင်တွေ့ခဲ့ရပါသည်။

ထိုစဉ်က ကျွန်တော့်နှလုံးသားသည် နုနယ်သိမ်မွေ့ပြီး လေဟာနယ်တစ်ခုသဖွယ် အေးဆေးငြိမ်သက်လှရုံမျှမက မျှော်လင့်ချက်များဖြင့်လည်း ပြည့်လျက်ရှိသည်ဖြစ်ရာ ရေကန်နှင့် တောင်တန်းများ၏ အသက်ဟုဆိုရမည့် သာယာမှုများနှင့် လှပမှုများသည် ကျွန်တော့်စိတ်တွင် စွဲမြဲသွားအောင် ကမ္ပည်းတင်လျက်ရှိပါသည်။ လျှိုမြောင်ချောက်ကမ်းပါးများနှင့် ထောင်ထွတ်တောင်စွယ်များကလည်း သူတို့အား ထိတ်လန့်ကြောက်ရွံ့လာအောင် စွမ်းဆောင်လျက်ရှိရုံမျှမက အာခံအန်တုမည့် အရိပ်လက္ခဏာများကိုပင် ဖော်ပြလျက်ရှိကြပါသည်။ ထို့ပြင်လည်း သူတို့သည် သူတို့၏ အတိတ်က သမိုင်းနောက်ခံဖြစ်ရပ်များကို ကျွန်တော့်နှလုံးသားအား ပြောပြလျက်ရှိပါသည်။

တစ်ချိန်သောအခါက ဤကမ္ဘာမြေကြီးသည် ရုတ်တရက် နာကျင်မှုဝေဒနာကို အပြင်းအထန် ခံစားနေရသည့်နှယ် အော်မြည်ညည်းတွားကာ ရုန်းကန်လှုပ်ရှားခဲ့သည်။ ပြင်းထန်သော လှုပ်ရှားပေါက်ကွဲမှုများသည် မြေကြီးကို အစိတ်စိတ်အမြွာမြွာ၊ အပိုင်းပိုင်းအပြတ်ပြတ် ဖြစ်သွားစေခဲ့သည်။ ထို့နောက် အစုံလိုက်မြင့်တက်လာသော တောင်တန်းထိပ်များအား ဆွဲဆုပ်ဖျစ်ညှစ်ကာ အစွန်းများ၊ ထိပ်များနှင့် အထွတ်များ ဖြစ်ပေါ်လာစေခဲ့၏။ ကျောက်တုံးကျောက်ဆောင်နံရံကြီးများသည် အက်ကွဲကာ မိုးခြိမ်းသံကြီးများတမျှ ကျယ်လောင်သောအသံကြီးများပြု၍ ဦးတည်ချက်မရှိဘဲ အထက်သို့အရှိန်ပြင်းစွာဖြင့် မြင့်တက်လာသည်။ ထိုအခါတွင် အမြွာညီနောင်ဟုခေါ်ဆိုအပ်သော တောင်ထိပ်ကြီးနှစ်ခုသည် မိမိတို့နေရာ ရရှိရေးအတွက် အလုအယက်၊ အရှုးအမူးတိုက်ခိုက်ခဲ့ကြသည်။

နောက်ဆုံးတွင် တောင်ထိပ်ကြီးတစ်ခုက အနိုင်ရရှိကာ သူ့ညီတော်မောင် တောင်ထွတ်အား သူ့ထက်တစ်ဆင့်နိမ့်သောနေရာသို့ ပို့ပေးလိုက်သည်။ ထိုအခါ ဟိုနေရာ၊ သည်နေရာ နေရာအနှံ့တွင် အအက်အကွဲများ အချွန်အတက်ကြီးများ၊ မတ်စောက်သော ကျောက်ဆောင်ကြီးများ၊ ငေါ

mgyoe.com

mgyoe.com


ထွက်နေသော ကျောက်စွန်းကြီးများသည် ဖြစ်ပေါ်တည်ရှိလာသည်။ ထိုမှ တစ်ဆင့် ကျောက်နံရံကြီးများသည် တစ်ပိုင်းစီ၊ တစ်စစီ ပြိုကွဲသွားသည်။ ထို့နောက် အပူရှိန်ဖြင့် ဆီးနှင်းခဲပြင်ကြီးများ အရည်ပျော်လာသည့်အခါ ကျောက်ဆောင်ကျောက်တုံးကြီးများမှ ကြားမှ တသွင်သွင်ဖြတ်သန်းစီး ဆင်းလာကာ ရေစီးကြောင်းများ ပေါ်ပေါက်လာသည်။ ယင်းရေတို့သည် အရှိန်အဟုန်ပြင်းစွာဖြင့် စီးဆင်းလာခဲ့ပြီး တောင်တန်းကြီးများ၏အောက် ခြေ၌ မြက်ခင်းပြင်ကြီးများ ဖြစ်ထွန်းစေခဲ့လေသည်။

အချှန်အတက်တွေ အလွန်များပြားပြီး ကျောက်ဆောင်များ ထူထပ် မတ်စောက်သော ထိုတောင်တန်းကြီးများသည် အစဉ်သဖြင့် တူညီသော ဇာတ်လမ်းကိုပင် ပြန်လည်ပြောပြနေကြပေသည်။ တစ်ဦးတစ်ယောက် သည် အစိတ်စိတ်အမြွှာမြွှာဖြစ်နေသော ကျောက်ဆောင် ကျောက်တုံးကြီး များ၏ အထပ်များ၊ အလွှာများဖုံးလွှမ်းနေသည့် ကျောက်နံရံကြီးများကို မြင်လိုက်သည့်အခါ ယင်းနံရံကြီးများအထက်မှ ဒဏ်ရာဒဏ်ချက်များကို ကြည့်၍ ယင်းတို့၏အဖြစ်ကို နားလည်ကြလိမ့်မည် ဖြစ်သည်။ 'ကျုပ်တို့ ဟာ ဖော်ပြလို့မရနိုင်လောက်အောင် ဆိုးဝါးတဲ့ ကြောက်စရာအဖြစ်တွေ ကို ခံစားခဲ့ရပါတယ်'ဟု သူတို့က ပြောကြလိမ့်မည်။ 'ကျုပ်တို့ဟာ အခု အချိန်အထိ ခံစားနေရတုန်းပါပဲ'ဟုလည်း ပြောကြလိမ့်မည်ဖြစ်သည်။ သို့ သော်လည်း သူတို့အသံများသည် ဂုဏ်ယူဝင့်ကြွားပြီး ခက်ထန်တင်းမာ ကြသည်။ အနိုင်မခံ၊ အရှုံးမပေးတတ်သော ရှေးဟောင်း စစ်သည်တော် ကြီးများ၏လေသံမျိုးဖြင့် ပြောကြခြင်းဖြစ်သည်။

တကယ့် စစ်သည်တော်ကြီးများဟု ဆိုရပါမည်။ ရှေးဦးပေါက် အစော ပိုင်းကာလများ၏ ညပိုင်းများတွင် သူတို့သည် ရေနှင့် မုန်တိုင်းတို့ကို ဆန့်ကျင်အန်တုကာ စစ်ခင်းနေကြရသည်ကို ကျွန်တော် မြင်တွေ့ခဲ့ရသည်။ ဖွေးဖွေးလှုပ်နေသော ကျောက်တုံးကြီးများ၏ ပတ်ပတ်လည်မှနေ၍ အရှိန် အဟုန်ပြင်းစွာဖြင့် စီးဆင်းနေကြသော ရေစီးကြောင်းအသစ်များသည် ပေါ်ပေါက်လာနေကြ၏။ ထိုရေစီးကြောင်းများသည် သူတို့၏နံပါးများကို တအားကုန်ပွတ်တိုက်ကာ ဒလဟောထိုး စီးဆင်းသွားနေကြခြင်းဖြစ်၏။ ယင်းညများတွင် သူတို့သည် ရေစီးကြောင်းဆွဲရာသို့ လိုက်ပါမသွားကြဘဲ

mgyoe.com

mgyoe.com

ခေါင်းမာစွာဖြင့် မားမားမတ်မတ်ရပ်၍ ကြံ့ကြံ့ခံနေကြသည်။

မုန်တိုင်းများကျလာပါကလည်း သူတို့သည် မုန်တိုင်းဒဏ်ကို ထိပ်တိုက်ရင်ဆိုင်ကြသည်။ သူတို့၏ကျောက်စွန်းများ၊ ကျောက်သားနံရံကြီးများနှင့် တောင်ထိပ်တောင်ထွက်များသည် သူတို့၌ ရှိရှိသမျှခွန်အားများကို စုစည်းကာ စုပေါင်း၍ ခုခံတိုက်ခိုက်ကြသည်။ သူတို့ရရှိသမျှ ဒဏ်ရာဒဏ်ချက်များကြောင့် သူတို့၏ ကြောက်မက်ဖွယ်ရာ အော်ဟစ်သံများကိုလည်း ကြားရ၏။ အလွန် အလှမ်းကွာဝေးနေသည့်တိုင်အောင် မြေပြိုသံကြီးများနှင့် ကျောက်တုံး ကျောက်လုံးကြီးများ လိမ့်ဆင်းသွားသံကြီးများ၏ ပဲ့တင်ရိုက်ခတ်မှုများကို ကြားနေရသည်။ ယင်းအသံကြီးများသည် နာကျင်လွန်း၍ ညည်းတွားလိုက်သည့် အသံကြီးများနှင့်လည်း တူ၏။ စိတ်ဆိုးမာန်ဆိုးဖြစ်၍ ဒေါသတကြီး အော်ဟစ်သံကြီးများနှင့်လည်း တူသည်။

ကျွန်တော်သည် မြက်ခင်းပြင်ကြီးများ၊ ကုန်းမြင့်ဆင်ခြေလျှောများ၊ တောင်စောင်းတောင်စွန်းများနှင့် ပပ်ကြားအက်များဖုံးနေသည့် မြေပြင်များကိုလည်း မြင်တွေ့ရသည်။ မြေပြင်ထက်တွင် မြက်ပင်များ၊ ပန်းရိုင်းပင်များ၊ သမန်းမြက်ပင်များနှင့် ရေညှိစိမ်းစိမ်းများ တွယ်ကပ်နေကြသည်။ ထိုနေရာများကို ထိုဒေသ၏ရှေးဟောင်းလူမျိုးစုများက ပေးထားခဲ့ကြသည့် ထူးဆန်းသော အမည်များကိုလည်း ကြားခဲ့ရ၏။ တောင်တန်းကြီးများ၏ သားသမီးများနှင့် မြေးမြစ်များမှာမူ ဖြစ်ပြီးခဲ့သမျှ အရာအားလုံးသည် သူတို့နှင့် လုံးဝဆက်စပ်ပတ်သက်မှု မရှိသည့်နှယ် တည်ငြိမ်အေးဆေးစွာပင် ရပ်တည်လျက်ရှိကြသည်။

ကျွန်တော်သည် သူတို့အား ထိတွေ့ခဲ့သည်။ စမ်းသပ်စစ်ဆေးခြင်း ကြည့်ခဲ့သည်။ သူတို့၏အနံ့များကို ရှူခဲ့၊ ရှိုက်ခဲ့သည်။ သူတို့၏ အမည်များကို လေ့လာမှတ်သားခဲ့သည်။ သစ်ပင်များ၏ရှုခင်းသည် ကျွန်တော့်အား ပို၍ပြင်းထန်နက်ရှိုင်းသော ခံစားမှုကို ပေးနိုင်ခဲ့သည်။ ကျွန်တော်သည် သစ်ပင်တစ်ပင်ချင်းစီ၏ တသီးတခြားစီ လွတ်လပ်စွာတည်ရှိနေကြသည့် ဘဝကို အသေအချာ လေ့လာစူးစမ်းခဲ့သည်။ တစ်ပင်ချင်းစီ၏ ကိုယ်ပိုင်ကြန်အင်လက္ခဏာ၊ အရွယ်အစားပမာဏနှင့် ပုံသဏ္ဌာန် စသည်များသည်
mgyoe.com

mgyoe.com


ကျွန်တော်မြင်တွေ့ခဲ့ရသည့် ထူးခြားချက်များ ဖြစ်သည်။

ဤအရပ်၊ ဤဒေသသို့ရောက်လာပြီး အိုးအိမ်များ တည်ဆောက်ကာ အခြေစိုက်ခဲ့ကြသော လူများနှင့် ရှေးခေတ်စစ်သည်များပေါ်လာခဲ့သည်။ သူတို့သည် တောင်တန်းကြီးများနှင့် အနီးကပ်ဆုံး ထိတွေ့ဆက်ဆံခဲ့ကြသူများ ဖြစ်၏။ အထူးသဖြင့် တောင်တန်း၏အမြင့်ဆုံးအပိုင်း၌ မားမားမတ်မတ် ရပ်တည်နေခဲ့ကြသည့် တောင်ထိပ်တောင်ထွတ်များသည် သူတို့နှင့် ထိတွေ့ဆက်ဆံမှုများခဲ့သည်ဟု ယူဆရသည်။ တောင်ထိပ်တောင်ထွတ်တစ်ခုချင်းစီသည် သူ့ဘဝရပ်တည်ရှင်သန်ရေးအတွက် ငြိမ်ငြိမ်သက်သက်နှင့် ခက်ခဲပြင်းထန်စွာ ရုန်းကန်လှုပ်ရှားကြရသည်။ လေဒဏ်၊ နေဒဏ်နှင့် မိုးဒဏ်များကို ရာသီဥတုအလိုက် ကြံ့ကြံ့ခိုင်ခိုင် ခုခံတွန်းလှန်နေရခြင်းဖြစ်၏။

တစ်ဦးချင်းစီသည် ခုခံတွန်းလှန်ရမည့် ကြီးမားသော တာဝန်ကြီးကို ထမ်းထားရသည်။ ထိုတာဝန်ကြီးကို ခိုင်မြဲစွာ ဖက်တွယ်ထားသည်။ ထိုတာဝန်ကြီးကို မဖြစ်မနေထမ်းဆောင်ရင်း ကိုယ်ပိုင်ပုံပန်းသဏ္ဌာန် အသွင်အပြင်ကို ပိုင်ဆိုင်ခဲ့သည်။ သီးခြားစီဖြစ်နေသော အမာရွတ်များကို ရရှိခဲ့သည်။ သစ်ပင်များထဲတွင် စကော့ထင်းရှူးပင်များသည် သူတို့၏အကိုင်းများကို တစ်ဖက်သို့သာ တစ်သမတ်တည်း ကိုင်းညွတ်ကြသည်။ အနီရောင်ပင်စည်များရှိသည့် သစ်ပင်များသည် မြွေများသဖွယ် တွန့်လိမ် ကွေးကောက်ကာ ငေါထွက်နေသော ကျောက်တုံးများအား ရစ်ပတ်တွယ် ကပ်နေကြသည်။ သူတို့သည် သူတို့နည်း၊ သူတို့ဟန်ဖြင့် နေဒဏ်၊ လေ ဒဏ်၊ မိုးဒဏ်များကို ကြံ့ကြံ့ခံနေကြခြင်းဖြစ်၏။ သူတို့သည် ကျွန်တော့်အား စိုက်ကြည့်နေကြသည်။ သူတို့ကြည့်ပုံသည် သတ္တိရှိသော သူရဲကောင်းများ၏ ကြည့်ပုံနှင့် တူလှသည်ဖြစ်ရာ ကျွန်တော့်နှလုံးသားတွင် သူတို့အပေါ်၌ ရှိသေကျိုးနွံခြင်းနှင့် ကြည်ညိုလေးစားခြင်း စသောခံစားမှုများ ကိန်းအောင်းခဲ့ရလေသည်။

ကျွန်တော်တို့ အမျိုးသားနှင့် အမျိုးသမီးများသည် သူတို့နှင့် တူလှပါသည်။ သူတို့သည် ခက်ခဲပင်ပန်းစွာ အတူတူပူးပေါင်း၍ ရုန်းကန်နေကြရသူများဖြစ်၍ ဘဝချင်းဆင်ပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည်

mgyoe.com

mgyoe.com


လူများကို ကြည့်ရာ၌ သစ်ပင်များနှင့် ကျောက်တုံးများအပေါ်ကြည့်သကဲ့သို့ ကြည့်သည်။ သူတို့အကြောင်း တွေးသည့်အခါလည်း သူတို့အား ချီးကျူးရန်၊ ဂုဏ်ပြုရန်နှင့် ငြိမ်ဆိတ်အေးဆေးသော ထင်းရှူးပင်များကို ချစ်သကဲ့သို့ ချစ်ရန်ကိုသာ တွေးသည်။

ကျွန်တော်တို့၏ရွာငယ် နီမိကွန်ရွာသည် တောင်ကုန်းဆင်ခြေလျှောတစ်ခုပေါ်မှ ရေကန်ဘေး၌တည်ရှိသည်။ ရွာငယ်အား ဘေးတစ်ဖက်တစ်ချက်ရှိ ကျောက်တုံးကျောက်လုံးများ ထူထပ်လှသည့် တောင်စွန်းနှစ်ခုက ဝန်းရံထားသည်။ လူသွားလမ်းတစ်လမ်းသည် အနီးရှိဘုန်းကြီးကျောင်းဆီသို့ရောက်၍ ဒုတိယလမ်းသည် ခြေလျင်ခရီး လေးနာရီခွဲခန့်ကြာကြာသွားရသော၊ ကျွန်တော်တို့ရွာနှင့် အနီးဆုံးရွာတစ်ရွာသို့ ရောက်သည်။ အခြားရွာများက ရေကန်ခြားနေသဖြင့် လှေနှင့်သွားမှရောက်နိုင်သည်။

ကျွန်တော်တို့အိမ်များမှာ သက်ရင့်သစ်သားများဖြင့် တည်ဆောက်ထားသော ရှေးဆန်ဆန်နေအိမ်များ ဖြစ်သည်။ နှစ်ပေါင်းမည်မျှရှိပြီးကိုပင် မသိကြပါ။ အိမ်သစ်ထပ်မံဆောက်လုပ်ခြင်းမှာ မရှိသလောက်ဖြစ်သည်။ အိမ်အို၊ အိမ်ဟောင်းများအား လိုအပ်လာလျှင် လိုအပ်သလို ပြုပြင်ဖာထေးခြင်းများတော့ ရှိသည်။ ဤတစ်နှစ်တွင် ကြမ်းခင်းများကို ပြုပြင်ရပြီး နောက်တစ်နှစ်တွင် ခေါင်မိုးပိုင်းကိုပြုပြင်ကြရသည်။ ယက်မ၊ ထုပ်၊ တန်းစသော သစ်သားများကို အစားထိုးလဲလှယ်ကြသည့်အခါ အသုံးပြုမရတော့သည့် သစ်သားများသည် ထင်းဖြစ်သွားကြသည်။ အချို့မှာမူ မြင်းဇောင်းများ ပြုပြင်ရာ၌လည်းကောင်း ကျီများ၊ ဂိုဒေါင်များပြုပြင်ရာ၌လည်းကောင်း အသုံးပြုကြသည်။ အချို့သော သစ်သားအတိုအစများသည် တံခါးမင်းတုပ်အဖြစ်သို့ ရောက်ရှိသွားကြသည်။

ထိုအိမ်များ၌ နေထိုင်လျက်ရှိကြသူများသည်လည်း ထိုသစ်သားများကြုံတွေ့ရသည့် ကံကြမ္မာမျိုးနှင့်ပင် ရင်ဆိုင်ကြရသည်။ လူတစ်ဦးချင်းစီသည် သူထမ်းဆောင်ရမည့် တာဝန်များကို သူထမ်းဆောင်နိုင်သော အချိန်ကာလအထိ ထမ်းဆောင်ကြသည်။ ထို့နောက် 'အသုံးချ၍မရတော့သည့် လူများ' အဆင့်သို့ ဆုတ်ခွာဝင်ရောက်သွားကြသည်။ နောက်ဆုံးတွင်မူ သူတို့အပေါ်၌ စိတ်ဝင်စားမှုနည်းပါးသွားကာ မေးမှိန်ပျောက်ကွယ်သွား

mgyoe.com

ကြရလေသည်။

ရေခြားမြေခြား ရပ်ဝေးဒေသ၌ နှစ်ပေါင်းများစွာနေထိုင်ပြီး ပြန်ရောက်လာသော လူတစ်ဦးသည် ဘာတစ်ခုမှပြောင်းလဲခြင်းမရှိသည့်ရွာကို တွေ့မြင်ရသည်။ ဟောင်းနွမ်းသွားသော အိမ်ခေါင်မိုးများနေရာ၌ အသစ်မိုးထားသည့် ခေါင်မိုးများရောက်ရှိနေခြင်းနှင့် အသက်အရွယ်ကြီးပြီး အိုမင်းရင့်ရော်သွားသဖြင့် လူသစ်များဖြစ်နေသည့် လူအိုများမှတစ်ပါး အခြားအသစ်အဆန်းဟူ၍ ဘာတစ်ခုမှမမြင်ရ။ မတွေ့ရချေ။ သူသက်ငယ်ပိုင်းက အတူတကွနေခဲ့ရသော လူအိုများသည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားကြပြီဖြစ်၏။ သို့သော်လည်း အခြားသောလူအိုများသည် ယခင်လူအိုများနေထိုင်ခဲ့ကြသည့် ‘အိမ်များထဲ၌ ဆက်လက်နေထိုင်လျက်ရှိကြ၏။ ယခင်လူအိုများ၏ နာမည်များကိုပင် ဆက်ခံထားကြ၏။ ယခင်ကရှိခဲ့သည့် ကလေးသူငယ်များနည်းတူ ဆံပင်နက်နက်နှင့် ကလေးသူငယ်များကို ကြည့်နေကြရ၏။ ထိုကလေးသူငယ်တို့၏ မျက်နှာများသည် ယခင်တစ်ချိန်က ကလေးသူငယ်များ၏မျက်နှာများနှင့် ခွဲခြား၍မရပေ။ သူတို့၏ မျက်နှာများသည် ယခုအချိန်တွင် သေလွန်ကုန်ပြီဖြစ်သော လူများ၏ မျက်နှာများကိုပင် ရယူထားကြလေသည်။

ကျွန်တော်တို့အုပ်စုတွင် လိုအပ်နေသည်မှာ ပြင်ပမှ သစ်ဆန်းလတ်ဆတ်သောဘဝနှင့် သွေးသစ်များဖြစ်၏။ ရွာ၌ နေထိုင်လျက်ရှိကြသူများသည် ကြမ်းတမ်းရိုင်းစိုင်းပြီး ထွားကျိုင်းသန်စွမ်းသော မျိုးစုနွယ်ဝင်များဖြစ်သည်။ သူတို့အများစုသည် သွေးသားတော်စပ်နေကြသူများဖြစ်၏။ သူတို့ထဲမှ သုံးပုံတစ်ပုံခန့်သည် ကာမင်ဇင်းဟူသောအမည်တူကို ခံယူထားသူများ ဖြစ်သည်။ ထိုနာမည်သည် နယ်မြေသင်းအုပ်ဘုန်းကြီး၏ မှတ်ပုံတင်စာအုပ်ထဲတွင်လည်း စာမျက်နှာအတော်များများကို ယူထားသည်။ သင်္ချိုင်းအုတ်ဂူများပေါ်တွင်လည်း ရေးသွင်းထားသည်ကို တွေ့ရ၏။ အိမ်ရှေ့မျက်နှာစာတွင် ဆေးနှင့်မညီမညာရေးထားသည်ကိုလည်းကောင်း၊ ထွင်းထားသည်ကိုလည်းကောင်း မြင်ကြရသည်။

နာမည်ကို မြင်းလှည်းများ၊ မြင်းဇောင်းများ လက်ဆွဲပုံးများနှင့် လှေများပေါ်တွင်လည်း မညီမညာ၊ မလှမပရေးထားသည်ကို ဖတ်ကြရသည်။

mgyoe.com

mgyoe.com

ကျွန်တော့်အဖေ၏ အိမ်တံခါးဝထက်၌ "ဂျိ.စ်နှင့် ဖရန့်ဇစ်စကာ ကာမင်ဇင်းတို့ဆောက်လုပ်သောအိမ်' ဟု ရေးထိုးထားသောစာတန်းကို တွေ့ကြရသည်။ ထိုစာတန်းသည် ကျွန်တော့်အဖေအား ရည်ညွှန်းထားခြင်းမဟုတ်ပါ။ သူ့ဘိုးဘွားဘီဘင်များထဲမှ တစ်ဦးကိုရည်ညွှန်းထားခြင်းဖြစ်သည်။ ယင်းမှာ ကျွန်တော့်ဘေးကြီးကို ဆိုလိုခြင်းဖြစ်၏။ ကျွန်တော်သေသွားသည့်အခါ သားသမီးမကျန်ခဲ့ပါက အခြားကာမင်ဇင်းတစ်ဦးက ဤနေရာနှင့် ဤအိမ်တွင် ဆက်လက်နေထိုင်သွားမည်မှာ မြေကြီးလက်ခတ်မလွဲပါ။ ဤသည်မှာ မျိုးရိုးစဉ်ဆက် ကျင့်သုံးလာခဲ့သည့် ဓလေ့ထုံးစံတစ်ခုဖြစ်ပါသည်။

ရုပ်ဆင်းအင်္ဂါတူညီမှုများ ရှိနေသည်မှာ မှန်သော်လည်း ရွာသူ၊ ရွာသားများကြားတွင် လူကောင်းနှင့်လူဆိုးဟူသော ကွဲပြားခြားနားမှုကတော့ ရှိသည်။ အဆင့်အတန်းမြင့်သူများနှင့် အဆင့်အတန်းနိမ့်သူများဟူသော ကွဲပြားခြားနားမှုလည်းရှိသည်။ ထူးခြားထင်ရှားသော ပုဂ္ဂိုလ်များနှင့် သူလိုငါလို သာမန်အဆင့်သာရှိသည့် ပုဂ္ဂိုလ်များဟူသော ကွဲပြားခြားနားမှုလည်းရှိသည်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သော လူများစုကြားတွင် အရူးဟုသတ်မှတ်၍မရသည့် ငတုံး၊ အေလူနည်းစုလည်းရှိသည်။ အခြားသောနေရာများ၌ တည်ရှိသကဲ့သို့ အသေးစားကမ္ဘာငယ်လေးတစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်ရာ အခြားနေရာများတွင်တွေ့ရသည့် သဘောထားရင့်ကျက်ကြီးမားသူများနှင့် စိတ်နေစိတ်ထား သေးသိမ်သူများ၊ ကောက်ကျစ်စဉ်းလဲသူများနှင့် မိုက်မဲသူများသည် ရောထွေးနေကြသည်။ အမျိုးအစား မတူသူချင်း ပေါင်းသင်းဆက်ဆံကြရာမှ သားတွေ၊ သမီးတွေ ပေါက်ဖွားလာကြသည်။ ဤသို့ဖြင့် ခေါင်မိုးတစ်ခုတည်းအောက်၌ မိမိကိုယ်မိမိ အထင်ကြီးလွန်းသူများ၊ မာန်မာနကြီးသူများ၊ ဘဝင်မြင့်နေသူများနှင့် ဉာဏ် ဉာဏ်သွေးတိမ်သူများ၊ ပေါ့ပေါ့တန်တန်သမားများသည် တစ်စုတစ်ပေါင်းတည်းနေထိုင်လျက်ရှိသည်ကိုတွေ့ရသည်။

ယင်းအဖြစ်မျိုးကို မြင်ရ၊ တွေ့ရသည်မှာ အဆန်းတော့မဟုတ်ပေ။ လူအများစုစည်းနေထိုင်ရာ လူအဖွဲ့အစည်းတိုင်း၌ ရှိတတ်သောအရာများဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့၏ဘဝများသည် လူ့သဘာဝ

mgyoe.com

mgyoe.com

ဆိုင်ရာလေးနက်မှုနှင့် ပေါ့တန်မှုများအတွက် အမြော်အမြင်ကြီးသော၊ ကျယ်ဝန်းသော ရည်မှန်းချက်များ တည်ရှိရာနယ်ပယ်ကို ထားရှိရခြင်းဖြစ်သည်။ သို့တစေလည်း အမြဲတစေတည်ရှိနေသော အသိဉာဏ်ကင်းမဲ့မှုနှင့် ပုန်းကွယ်ငုပ်လျှိုးနေသော စိတ်မသာယာမှုများသည် လူတို့အား အမြဲတစေ တွယ်ကပ်လျက်ရှိပေသည်။

ပတ်ဝန်းကျင်ရှိ သဘာဝစွမ်းအင်များအပေါ် မှီခိုအားထားနေရခြင်းသည် ဘဝတစ်ခု၏ သက်သာရာမရနိုင်သော ဆင်းရဲဒုက္ခများနှင့် ပေါင်းစပ်ကာ တဖြည်းဖြည်း ကုန်ခန်းသွားနေသည့်နှစ်များအတွင်း အသက်အရွယ် အိုမင်းရင့်ရော်နေခြင်းကိုဖြစ်စေခဲ့သည်။ ထိုအခါ အသက်အရွယ်ကြီးမှုသည် စိတ်ပျက်အားငယ်မှုကိုသာ ဖြစ်ပေါ်လာစေသည်။ အကျိုးဖြစ်ထွန်းမှု တစ်စုံတစ်ရာရရှိအောင်ကား မစွမ်းဆောင်နိုင်တော့ပေ။ အနည်းဆုံး အများက သဘောကျလက်ခံနိုင်လောက်သည့် အရာတစ်ခုလောက်ကိုပင် မပြုလုပ်နိုင်တော့ချေ။

ထို့ကြောင့်လည်း ကျွန်တော်တို့သည် စုန်းပြူးသဖွယ်ပါလာသော လူရူး၊ လူမိုက်၊ လူနုံ လူအများ ကွက်တိကွက်ကျားပါလာခြင်းကို နားလည်သဘောပေါက်ကာ လက်ခံနေခြင်းဖြစ်သည်။ သူတို့သည် လူများစုအတွက် ရယ်ရွှင်မြူးတူးစရာ ထွက်ပေါက်တစ်ခုလည်း ဖြစ်၏။ သူတို့လူစုထဲမှ တစ်ဦးတစ်ယောက်နှင့်ပတ်သက်၍ အတင်းအဖျင်း သတင်းအဖြစ် ပြောစရာဖြစ်ရပ်တစ်ခု သို့မဟုတ် လုပ်ကိုင်မှုတစ်ခုပေါ်ပေါက်လာပါက နီမိကွန်ရွာသားများ၏ မျက်နှာများတွင် ပျော်ရွှင်မြူးတူးမှု အရိပ်လက္ခဏာများသည် ပီပြင်ထင်ရှားစွာ ပေါ်လာတတ်လေသည်။

ကျွန်တော့်အဖေသည် ရွာထဲရှိ လူများစုအုပ်စုဝင်တစ်ဦးဖြစ်သည်။ ယင်းလူများစုသည် ဖြောင့်မတ်မှန်ကန်မှုနှင့် ဒုစရိုက်များကြား ခရီးအလယ်ခန့်၌ ရပ်တန့်နေကြသူများဖြစ်၍သူတို့သည် အုပ်စုနှစ်စုအနက် မည်သည့်အုပ်စုက ဘာပဲလုပ်လုပ် လုပ်သမျှအပေါ်၌ နှစ်သက်လက်ခံရန်အသင့်ရှိသူများဖြစ်သည်။ ပေါ်ပေါက်လာသမျှ မကောင်းမှုတိုင်းသည် ကျွန်တော့်အဖေဘာသာတရား ရှိသေကိုင်းရှိုင်းသောစိတ်အား မသက်မသာဖြစ်စေခဲ့သည်မှာ မှန်သော်လည်း ဒုစရိုက်မှုပြုသူအပေါ် လေးစားစွာဆက်ဆံခြင်း

mgyoe.com


နှင့် သူ၏အပြစ်ကင်းစင်သောအဖြစ်အပေါ် သိနားလည်ခြင်းဟူသော အရာနှစ်ခုကြား၌ ရပ်တည်နေနိုင်အောင် သူ့ကိုယ်သူထိန်းထားနိုင်သည့်အတွက်မှု များစွာကျေနပ်အားရလျက်ရှိလေသည်။

ဦးလေးကွန်ရက်မှာမူ ကျွန်တော့်အဖေနှင့် အခြားသူရဲကောင်းများထက် ဉာဏ်ရည်ဉာဏ်သွေးမနိမ့်သော်လည်း 'အရှုံးအမိုက်များ' တွင် စာရင်းဝင်နေသည်။ အမှန်တော့ သူသည် ကောက်ကျစ်စဉ်းလဲသော မြေခွေးတစ်ကောင် ဖြစ်သည်။ အခြားသူများက မနာလိုတိုရှည်ဖြစ်လောက်အောင် တီထွင်မှုရှိသူဖြစ်၏။ သို့သော်လည်း သူ့အဖို့ အဆင်မပြေမှုဟူ၍ မရှိပေ။ ယင်းကဲ့သို့ ဖြစ်ရသည်မှာ သူ၏ဂနာမငြိမ်သောစိတ်ကြောင့်ဖြစ်၏။ ထိုစိတ်ကြောင့် ထိရောက်အောင်မြင်မှုမရသည့်အတွက် ရှက်ရမည့်အစား သို့မဟုတ် စိတ်ဓာတ်ကျရမည့်အစား ရှက်လည်းမရှက်၊ စိတ်ဓာတ်လည်းမကျဘဲ 'နောက်ထပ်တီထွင်မှု အသစ်တစ်ခု' ကိုအစပြုနေတတ်သည်။ ထိုနည်းဖြင့် သူသည် သူ၏ကိုယ်ပိုင်လုပ်ငန်းနှင့်ပတ်သက်၍ သူ၏ဝမ်းနည်းစရာလည်းကောင်း၊ ရယ်စရာလည်းကောင်းသော အကျင့်စရိုက်ကို ဖော်ပြတတ်ပေသည်။

မည်သို့ပင်ဖြစ်စေ ထိုအကျင့်စရိုက်သည် သူ့အား အများနှင့်မတူ ရူးကြောင်ကြောင်နိုင်သည့် လူ့တစ်ယောက်အဖြစ်သို့ ရောက်သွားစေသည်။ သူ့အား ရွာထဲမှလူများက အခကြေးငွေတစ်ပြားတစ်ချပ်မှမရသည့် လူပေါ်လူကြောင်များထဲမှ လူပြက်တစ်ယောက်အဖြစ် စာရင်းသွင်းခဲ့ကြ၏။ ကျွန်တော့်အဖေနှင့် သူ၏ဆက်ဆံရေးမှာ အတည်အကျမရှိ။ ကျွန်တော့်အဖေသည် သူ့အားအထင်သေးသည့်အခါသေး၍ ချီးမွမ်းအံ့ဩခြင်းကြီးစွာဖြင့် အားကျသည့်အခါ အားကျသည်။ ထိုစိတ်နှစ်ခုသည် အမြဲတမ်းလိုလို တစ်လှည့်စီဖြစ်လျက်ရှိသည်။ အဖေ့စိတ်တွင် သူ့ယောက်ဖ၏လုပ်ငန်းသစ်တစ်ခုစီအပေါ်၌ များစွာစိတ်ဝင်စားသည်။ များစွာလည်း အလေးအနက်ထားသည်။ စိတ်လှုပ်ရှားခြင်းလည်းဖြစ်သည်။ ယောက်ဖ၏လုပ်ငန်းနှင့်ပတ်သက်၍ သိလို၊ မေးလိုစိတ် အများအပြားရှိနေသော်လည်း မမေးမမြန်းဘဲ မျိုသိပ်၍နေသည်။

သူ့လုပ်ငန်းအောင်မြင်လိမ့်မည်ဟု ယူဆလာချိန်တွင် ကျွန်တော့်ဦးလေး

mgyoe.com

mgyoe.com

သည် မသိမသာအောက်ခြေလွတ်စပြုလာသည်။ လေလုံးမိုးလုံးရိုက်ခတ်လာတတ်သည်။ ထိုအခါ ကျွန်တော့်အဖေသည် မသိကျိုးကျွန်ပြုကာ ဘေးမှနေ၍ မသိမသာအကဲခတ်နေလေ့ရှိသည်။ ညီရင်းအစ်ကိုသဖွယ် ချစ်ခင်သောစိတ်ဖြင့် လိမ္မာပါးနပ်စွာဆက်ဆံသည်။ ထိုအခိုက်တွင် ရုတ်တရက် မမျှော်လင့်သောအဆင်မပြေမှုကြီးတစ်ခုပေါ်ပေါက်လာသည့်အခါ ကျွန်တော့်ဦးလေးသည် ပခုံးများကို တွန့်ရုံမျှသာတွန့်သော်လည်း ကျွန်တော့်အဖေကမူ အပြင်းအထန်စိတ်ဆိုးသည်၊ ဒေါသဖြစ်သည်။ ဦးလေးအား ရစရာမရှိအောင် ပြစ်တင်ပြောဆိုသည်။ ချက်ချင်းပင် ဦးလေးအား မေးထူးခေါ်ပြောမလုပ်တော့ဘဲ သူစိမ်းသန်ဆန်ဆက်ဆံသည်။ မျက်နှာကိုပင် မကြည့်ဘဲ တစ်လနီးပါးလောက်ခွာနေသည်။

ကျွန်တော်တို့ရွာမှလူများ ရွက်လှေတစ်စီးကို ပထမဆုံးအကြိမ် မြင်ဖူးခဲ့သည်မှာ ကျွန်တော့်ဦးလေးကွန်ရက်ကြောင့်ဖြစ်သည်။ ထိုစဉ်က တစ်ရွာလုံးရှိ လူအများ၏ဝိုင်းအုံကြည့်ခြင်းကိုခံခဲ့ရသော လှေငယ်မှာ ကျွန်တော့်အဖေ၏ စကစ်ဖ်ခေါ် တစ်ယောက်စီးလှေကလေးဖြစ်သည်။ ထိုလှေ၏ ရွက်နှင့်ရွက်ကြိုးများကို ကျွန်တော့်ဦးလေးက ကျွမ်းကျင်စွာတည်ဆောက်ခဲ့ခြင်းဖြစ်၏။ သို့သော်လည်း လှေငယ်ကိုရွက်လွှင့်ရန်အတွက် လိုအပ်သောယက်မမပါရှိခြင်းမှာမူ ဦးလေး၏ချို့ယွင်းချက်ဖြစ်သည်။ ယင်းချို့ယွင်းမှုအတွက် ဦးလေးအားအပြစ်ဆိုရန်မှာမူ ခက်ခဲလှပါသည်။

ရွက်လှေ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းသည် သီတင်းပတ်ပေါင်းများစွာ အကုန်ခံရသည်။ ဤအတောအတွင်း ကျွန်တော့်အဖေသည် အုတ်ခဲပွပွများပေါ်ရောက်နေသည့် ကြောင်တစ်ကောင်သဖွယ် စိတ်ဂနာမငြိမ်ဖြစ်ကာ ယောက်ယက်ခတ်လျက်ရှိ၏။ အဖေသည် ဤလှေအတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရ၏။ မျှော်လင့်ချက်ကြီးခဲ့ရ၏။ စိုးရိမ်သောကဖြစ်ကာ စိတ်လှုပ်ရှားခဲ့ရ၏။ အမှန်တော့ ဦးလေးကွန်ရက်၏လုပ်ငန်းသည် အဖေတစ်ဦးတည်းသာ စိတ်ယောက်ယက်ခတ်ခဲ့ရသည်မဟုတ်။ တစ်ရွာလုံးရှိ ရွာသားအားလုံးပင်စိတ်ဝင်စားကာ လူတိုင်း၏ပါးစပ်ဖျားတွင် အလွန်ရေပန်းစားနေခဲ့သော အကြောင်းအရာတစ်ခုဖြစ်နေခဲ့သည် မဟုတ်ပါလား။

နွေရာသီကုန်ခါနီး လေအလွန်ထန်နေသော တစ်မနက်ခင်းတွင် လှေ

mgyoe.com


ငယ်သည် ပထမဆုံးခရီးကိုစတင်ခဲ့သည်။ ထိုနေ့သည် ကျွန်တော်မမေ့နိုင်သည့် နေ့တစ်နေ့ဖြစ်၏။ အဆင်မပြေမှုတစ်ခုခုများ ဖြစ်လေမလားဟူသော အတွေးဖြင့် စိတ်လေး၊ စိတ်ထင့်လျက်ရှိသော ကျွန်တော့်အဖေသည် ခရီးစတင်မည့်လှေနှင့်ဝေးရာသို့ရှောင်နေသည်။ ထိုခရီးတွင် လိုက်ပါလိုသည့် ကျွန်တော့်ကိုလည်း လိုက်ခွင့်မပြုသဖြင့် ကျွန်တော့်မှာ များစွာ စိတ်မကောင်းဖြစ်ခဲ့ရသည်။

ထိုနေ့က လှေပေါ်သို့ ကျွမ်းကျင်သော သင်္ဘောသားတစ်ယောက်နှင့်အတူ လိုက်ပါခွင့်ပြုခဲ့သူမှာ မုန့်ဖုတ်သမား ဖတ်ဆလီ၏သား ဖြစ်သည်။ သို့သော်လည်း ထူးဆန်းသောမြင်ကွင်းကို ကြည့်လို၍ ကျွန်တော်တို့အိမ်ဝင်းအတွင်း၌ ရောက်နေကြသူများမှာ တစ်ရွာလုံးမှလူများဖြစ်သည်။ လေသည် ကန်ရေပြင်ဆီသို့ အရှေ့ဘက်မှနေ၍ ခပ်ပြင်းပြင်းတိုက်ခတ်နေသည်။ ခရီးစမထွက်မီ မုန့်ဖုတ်သမား၏သားသည် ရွက်တိုင်ကို လေကြောင်းအတွင်းသို့ ဝင်သွားစေရန် လှေကို လှော်ခတ်ပေးနေရသည်။ မကြာမတင်မှာပင် လှေငယ်သည် ရှေ့သို့ဦးတည်ကာ ဝင့်ကြွားစွာထွက်ခွာသွားသည်။

ကျွန်တော်တို့အားလုံးသည် ကန်နှင့်အနီးဆုံးသော တောင်စွယ်နောက်သို့ဝင်ရောက်ပျောက်ကွယ်သွားသည့် လှေကိုကြည့်ကာ များစွာအံ့ဩနေကြသည်။ အပြန်ခရီးပြီးဆုံးသွားသည့်အခါ အလွန်ကျွမ်းကျင်လိမ္မာလှသော ကျွန်တော့်ဦးလေးအား ချီးကျူးဂုဏ်ပြုရန် ပြင်ဆင်ထားကြသည်။ စောစောပိုင်းကဖြစ်ပေါ်ခဲ့သည့် သံသယစိတ်များအတွက် နောင်တလည်းရနေကြသည်။

သို့သော်လည်း လှေပြန်ရောက်လာသည့် ထိုညတွင် လှေသည်သူ့ရွက်တိုင်ကိုသာ ဆုံးရှုံးခဲ့သည်မဟုတ်။ သူ့လှေသားများကိုလည်း သေလုမျောပါးဖြစ်သွားအောင် လုပ်ခဲ့သည်ဟုသိကြရသည်။ ဖြစ်ပျက်ပုံ အလုံးစုံကိုလည်း မုန့်ဖုတ်သမား၏သားက ပြောပြသည်။ 'ခင်ဗျားတို့အားလုံး တကယ့်ပွဲကြီးပွဲကောင်းတစ်ပွဲကို မမြင်လိုက်ရတာ နာသဗျာ။ ကံကောင်း ပေလို့ပေါ့။ လာမယ့် တနင်္ဂနွေနေ့မှာ သချိုင်းကုန်းကိုပို့ရမယ့် မသာနှစ်လောင်းပေါ်တော့မလို့နည်းနည်းလေးပဲ လိုတယ်'

ကျွန်တော့်အဖေသည် သူ့လှေထဲတွင် ပျဉ်ပြားနှစ်ချပ် အစားပြန်ခင်း

mgyoe.com

ခဲ့ရသည်။ ထိုနေ့မှစ၍ ကျွန်တော်တို့ရေကန်ထဲရှိ ပြာလဲ့လဲ့ ရေပြင်ထက်တွင် ဘယ်လေ့မှ ရွက်မလွှင့်တော့ပါ။ ထို့နောက် အချိန်ကာလ အတော်ကြာသည့်အထိ ဦးလေးကွန်ရက်ကိုတွေ့တိုင်း ရွာသားများက 'မင်းရွက်တွေကို တင်ပါတော့လား ကွန်ရက်' ဟုအော်တတ်ကြသည်။ အဖေကမူ သူ့ဒေါသကို မျိုသိပ်ထားသည်။ ကိုယ်စိတ်နှစ်ပါးစလုံး ဆင်းရဲနေရှာသည့် သူ့ယောက်ဖကိုတွေ့တိုင်း မျက်နှာကိုတစ်ဖက်သို့လွှဲထားသည်။ တံတွေးတစ်ချက် ပျစ်ခနဲထွေးကာ သူ့မကျေနပ်မှုကိုဖော်ပြသည်။

ယင်းသို့သောအခြေအနေသည် အချိန်ကာလအတန်ကြာမျှ ဆက်လက်တည်ရှိနေခဲ့သည်။ ထို့နောက်တစ်ရက်တွင် ဦးလေးကွန်ရက်သည် အဖေနှင့် မီးခံမီးဖိုတစ်လုံးတီထွင်ရေးစိတ်ကူးကို တင်ပြဆွေးနွေးသည်။ ယင်းစီမံကိန်းသည် တီထွင်သူ၏ ဦးခေါင်းထက်သို့ ရာသက်ပန်ပြောင်လှောင်သရော်စရာတစ်ခုအဖြစ် ကျရောက်သွားစေခဲ့ပြီး ကျွန်တော့်အဖေမှာလည်း ဂျာမန်သုံးတေလာငွေဒင်္ဂါး လေးပြားတိတိဆုံးရှုံးသွားစေခဲ့၏။ ကျွန်တော့်အဖေအား ထိုအဖြစ်အပျက်ကိုပြောပြပြီး သူ၏ဆုံးရှုံးနစ်နာမှုကို ပြန်လည်သတိရအောင် လုပ်ရဲသူသည် ရွာထဲတွင်မရှိသလောက်ပင် ဖြစ်သည်။ အကယ်၍ ပြောပြဝံ့သူပေါ်လာပါကလည်း ထိုသူသည် အဖေ့ဒေါသအိုးပေါက်ကွဲမှုကြောင့် ဒုက္ခများဖို့သာရှိပါသည်။

ထိုကိစ္စနှင့်ကြုံခဲ့ရပြီးနောက် အချိန်များစွာကြာလာသည့်အခါ တစ်ကြိမ်တွင် ကျွန်တော်တို့အိမ်၌ ငွေကြေးကျပ်တည်းမှုနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ထိုအခါ ကျွန်တော့်အမေက အကောင်အထည်ပေါ်မလာသည့် မီးဖိုအတွက် ငွေကိုမဖြုန်းတီးခဲ့လျှင် အိမ်၌ များစွာပြေလည်ဖို့ရှိသည်ဟု မလိုတမာအသံဖြင့် မြည်တွန်တောက်တီးသည်။ အဖေ့မျက်နှာသည် နီရဲသွားသည်။ သို့သော်လည်း သူသည် သူ့ဒေါသကိုချုပ်တည်းထားပြီး 'ငါက အဲဒီကိစ္စကို တနင်္ဂနွေတစ်ရက်မှာ အရက်နဲ့ဆေးပစ်ချင်တဲ့ဆန္ဒရှိခဲ့ဖူးတယ် နော်'ဟုပြန်ပြောသည်။

ဆောင်းရာသီကုန်ခါနီးဆိုလျှင် ဖွန်သည် ပြင်းထန်သော မြည်ဟည်းသံနှင့်အတူ ရောက်လာစမြဲဖြစ်၏။ မြင့်မားသော တောင်ကုန်းများထက်၌ နေထိုင်လျက်ရှိသူများသည် ထိုအသံကြီးကို ကြောက်ရွံ့တုန်လှုပ်စွာဖြင့်

mgyoe.com

mgyoe.com
ကြားကြရသည်။ နေအိမ်နှင့်အဝေးသို့ ရောက်နေစဉ်ကတော့ လူအများသည် သူရောက်လာမည့်ရက်ကိုတွက်ကာ တမ်းတမျှော်လင့်ခဲ့ကြ၏။ အခုရောက်လာပြန်တော့လည်း အားလုံးပင်ထိတ်ထိတ်လန့်လန့် ဖြစ်ကြရလေသည်။

ဖွန်လာနေပြီဆိုပါက သူရောက်လာတော့မည်ဟူသောအချက်ကို သူရောက်မလာမီ နာရီပေါင်းများစွာကတည်းက အမျိုးသား၊ အမျိုးသမီးများ၊ တောင်တန်းကြီးများ၊ ငှက်များနှင့် သားရဲတိရစ္ဆာန်များက ကြိုတင်၍ သိကြသည်။ သူရောက်လာပြီဆိုပါက ရှေ့ပြေးအနေဖြင့် အလွန်အေးမြသောလေသည် လူများနေထိုင်ရာအရပ်၏ ဆန့်ကျင်ဘက်ဆီမှ တိုက်ခတ်လာသည်။ လေသည် ထန်လွန်းလှသည်ဖြစ်ရာ အလွန်ပြင်းထန်နက်ရှိုင်းသော အသံကိုပြုလေ့ရှိ၏။

ကန်ရေပြင်၏ အရောင်စိမ်းပြာပြာသည် ချက်ချင်းပင် မင်အနက်ရောင်သန်းသွားသည်။ ဖြူဖွေးသော လှိုင်းလုံးကြီးများသည် လျင်မြန်စွာ လှုပ်ရှားလာကြသည်။ လွန်ခဲ့သော မကြာသေးမီအချိန်က ငြိမ်သက်တိတ်ဆိတ်နေသောရေကန်သည် ဒေါသူပုန်ထနေသော ပင်လယ်တစ်ခုသဖွယ် ခြိမ်းသံ၊ ဟိန်းသံများပေးလာသည်။ တစ်ချိန်တည်းမှာပင် ဝန်းကျင်နယ်မြေတစ်ခွင်လုံးသည် ကြောက်မက်ဖွယ်ရာ ယိမ်းထိုးလှုပ်ရှားလာသည်။ ထိုအခါစောစောပိုင်းက အလွန်ကွာဝေးသောနေရာမှ မှုန်တုံတုံ၊ မှိုင်းတိုင်းတိုင်းဖြစ်နေခဲ့သော တောင်ထိပ်များထက်မှ ကျောက်စွန်း၊ ကျောက်ထွတ်များသည် ပီပြင်ပြတ်သားစွာ ပေါ်လာသည်။ ရွာများအတွင်းမှ အိမ်များမှာလည်း စောစောကလို အနက်ရောက်အကွက်အပြောက်များ မဟုတ်တော့ဘဲ အမိုးများ၊ အဆောင်များနှင့် ပြတင်းပေါက်များမှအစ ကွဲကွဲပြားပြားမြင်လာရသည်။

တောင်တန်းများ၊ မြက်ခင်းများ၊ အိမ်များသည် တစ်သားတည်းလိုဖြစ်သွားသည်ဟု ထင်ရ၏။ မြင်ရသည်မှာ ထိတ်လန့်ကြောက်ရွံ့နေသော ကျွဲအုပ်၊ နွားအုပ်တစ်အုပ်နှင့် တူနေသည်။ ထို့နောက် မသဲမကွဲအသံကြီးတစ်သံကြားရသည်။ မြေပြင်သည် တုန်ခါလာသည်။ ဝီခနဲ၊ ဝေါခနဲလာနေသော အသံလှိုင်းများကြားရသည်။ မုန်တိုင်းနှင့် တောင်တန်း၊ တောင်စွယ်များကြား၌ ပေါ်ပေါက်လာသည့် ပြင်းထန်သောစစ်ပွဲ၏အသံများကို ကြား

mgyoe.com

mgyoe.com


လာကြရ၏။ အထူးသဖြင့် ညပိုင်းတွင် ထိုအသံများသည် ပိုမိုမြည်ဟည်းကာ ပြင်းထန်လာသည်။ မကြာခင်မှာပင် ရွာထဲမှလူများထံသို့ မြစ်များရေလျှံခြင်း၊ အိမ်များပြိုပျက်ခြင်း၊ လှေများပျက်စီးနစ်မြုပ်ခြင်း စသည့်သတင်းများနှင့် အဖေများနှင့်ညီအစ်ကိုများ ပျောက်ဆုံးကုန်သည့်သတင်းများ ရောက်လာလေသည်။

ကျွန်တော် ကလေးဘဝက ဖွန်ကိုအလွန်ကြောက်ခဲ့သည်။ ဒုတိယဘဝသို့ရောက်သည့်အခါတွင်မူ ကျွန်တော့်စိတ်သည် ခပ်ကြမ်းကြမ်း၊ ခပ်ရိုင်းရိုင်းဖြစ်သည့်အားလျော်စွာ ပုန်ကန်တော်လှန်လိုစိတ်ရှိသော ဖွန်အား ချစ်မြတ်နိုးလာသည်။ အမြဲတစေ နှပျိုရှင်သန်နေသော၊ ပမာမခန့်ပြုကာ အန်တုလိုစိတ်ပြင်းပြနေသော သူ့အား နွေဦး၏ရှေ့ပြေးအဖြစ် တွယ်တာလာခဲ့၏။ တကယ်တော့လည်း သူ့ဘဝသည် စိုပြည်လန်းဆန်းခြင်း၊ မျှော်လင့်ချက်ရှိခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်း၊ ရယ်မောပျော်ရွှင်ခြင်း၊ ညည်းညူအော်မြည်ခြင်း စသည်တို့ဖြင့် ပြည့်နေသည်။ တောင်ကြားများအတွင်းသို့ အော်ဟစ်ဖြတ်သန်းခြင်း၊ တောင်တန်းများပေါ်မှ ဆီးနှင်းခဲများကို ရိုက်ပုတ်ခါထုတ်ခြင်း၊ သူ့လက်များဖြင့် ထင်းရှူးပင်ကြီးများအား ကွေးညွတ်သွားစေခြင်းစသည်များကိုလည်း ပြုလုပ်နိုင်စွမ်းရှိ၏။

နောက်ပိုင်းတွင် ကျွန်တော်၏ချစ်မြတ်နိုးမှုသည် ပိုမိုနက်ရှိုင်းလာသည်။ သူ့ကိုချို့မြသော၊ လှပသော၊ ဩဇာထက်သန်သောအရာတစ်ခုဟု မြင်လာသည်။ သူသည် သာယာပျော်ရွှင်မှုကိုပေးသည်။ နွေးထွေးမှုကိုပေးသည်။ အလှကိုပေးသည်။ တောင်တန်းကြီးများကို အစွမ်းရှိသရွေ့ ရိုက်ပုတ်ထုထောင်းကာ ဖြတ်သန်းသည်။ တောင်ပိုင်းမှခရီးနှင်လာခဲ့ရသော သူသည် မြောက်ပိုင်းဒေသရှိ အေးမြသောလွင်ပြင်များပေါ်သို့ ရောက်သည့်အခါ အားအင်ကုန်ခန်းမောပန်းလျက်ရှိလေပြီ။

မည်သို့ပင်ဖြစ်စေ သိမ်မွေ့နူးညံ့သော ဖွန်လောက် ထူးခြားဆန်းကြယ်ပြီး အဖိုးထိုက်တန်သောအရာသည် မရှိဟုထင်ပါသည်။ သိမ်မွေ့နူးညံ့သောဖွန်သည် တောင်ပေါ်သားများ(အထူးသဖြင့် သူတို့၏ဇနီးများ)အား အေးအေးသာသာလေးထိတွေ့ပြီး အိပ်ရာမှနှိုးသည်။ သူတို့၏အာရုံများကို ညှို့ယူဖမ်းစားသည်။ ဤလေသည် တောင်ပိုင်းမှ သယ်ဆောင်လာသော

mgyoe.com

mgyoe.com


အပူငွေ့ဖြင့်ခေါင်းမာသော မြောက်ပိုင်းသားတို့၏ရင်ကို ရိုက်ခတ်သည်။ ဆီးနှင်းများဖုံးအုပ်နေသည့် မြင့်မားသော တောင်ပေါ်ရွာများကို အီတလီနိုင်ငံဘက်ရှိ ရေကန်များနှင့် သိပ်ပြီးမဝေးကွာလှသည့် ကမ်းခြေများပေါ်၌ ပရင့်ရို့စ်ခေါ်ပန်းဝါများ၊ လေးကျွန်းကြာခိုင်ပန်းများနှင့် ဗာဒံပင်များ ပွင့်ဖူးကြတော့မည်ဟူသော သတင်းကိုပေးသည်။

ဖွန်တိုက်ခိုက်လာပြီးနောက် ပေရေညစ်ပတ်နေသော ရေခဲတောင်ကြီး ပြိုကျသွားသည့်အချိန်တွင် အကောင်းဆုံးရာသီဥတုသည် အလှမ်းမဝေးတော့ပေ။ မိမိတို့နှင့် လက်တစ်ကမ်းအကွာ၌ ရောက်နေပြီဟု သိနိုင်သည်။ ပတ်ပတ်လည်တွင် အဝါရောင်ပန်းများဖြင့် ဖုံးလွှမ်းနေသော မြက်ခင်းပြင်ကြီးများသည် တောင်တန်းကြီးများဆီသို့ ဖြန့်ကြက်နေကြသည်။ ဆီးနှင်းများ ဆောင်းထားသည့်တောင်ထိပ်များနှင့် တရွေ့ရွေ့စီးဆင်းနေသော ရေခဲမြစ်များသည် ဖြူဖွေးသန့်စင်လျက်ရှိကြသည်။ ကန်ရေပြင်သည် အပြာရောင်သန်းပြီး ပူနွေးလာသည်။ နေရောင်တွင် ဝင်းလက်တောက်ပနေသည်။ ရေပြင်တွင် နေရောင်ခြည်နှင့် တိမ်လွှာတိမ်လိပ်များ အရိပ်ထင်နေကြသည်။

ယင်းကဲ့သို့သော သဘာဝပတ်ဝန်းကျင်ဖြစ်စဉ်များသည် ကလေးဘဝ၏ လိုအပ်ချက်များကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ခဲ့သည်။ အကယ်၍ လိုအပ်ပါက ဘဝတစ်သက်တာ ကာလပတ်လုံး၏လိုအပ်ချက်ကိုပင် ဖြည့်ဆည်းပေးနိုင်သည်။ ယင်းသဘာဝဖြစ်ရပ်များသည် လူ၏နှုတ်ဖျား၏ ဘယ်သောအခါမှ ထွက်ပေါ်မလာနိုင်သည့် ဘုရားသခင်၏ သတင်းစကားများကို ကျယ်လောင်စွာ ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်၏။ လူတစ်ယောက်သည် ယင်းသတင်းစကားများကို ကလေးဘဝအချိန်က တစ်ကြိမ်မျှ ကြားခဲ့ဖူးပါက ထိုလူ၏ဘဝတစ်လျှောက်လုံး ကြားသွားရလိမ့်မည်ဖြစ်သည်။ ယင်းစကားများ၏ ချိုမြမှု၊ စွမ်းအားကြီးမှုနှင့် ကြောက်စရာကောင်းမှုများကို ခံစားရလိမ့်မည်ဖြစ်၍ ယင်းတို့၏ညို့ယူဖမ်းစားမှုမှ ဘယ်သောအခါမှ လွတ်မြောက်တော့မည် မဟုတ်ပေ။

အကယ်၍ လူတစ်ယောက်သည် တောင်ပေါ်သားဖြစ်ပါက သူသည် ဒဿနိကပညာနှင့် သဘာဝသမိုင်းပညာများကို နှစ်ပေါင်းများစွာ သင်ယူလေ့လာနိုင်မည်ဖြစ်သည်။ သူ့အနေဖြင့် ဖွန်ရောက်လာချိန်တွင် ခံစားမှု

mgyoe.com

mgyoe.com

သစ်များဝင်ရောက်ခြင်းခံရလိမ့်မည်ဖြစ်ရုံမျှမက ရေခဲတောင်ကြီးတစ်ခု ပြိုကျသွားသံကိုကြားတိုင်း နှလုံးသားသည် ခုန်ရလိမ့်မည်ဖြစ်သည်။ သူ့ အတွေးများသည်လည်း ဘုရားသခင်နှင့် သေခြင်းတရားဆီသို့ လှည့်သွား လိမ့်မည်ဖြစ်၏။

ကျွန်တော့်အဖေ၏တဲအိမ်သည် ဆလတ်၊ မုန်လာဥနှင့် ဂေါ်ဖီစသော သီးနှံများစိုက်ပျိုးထားသည့် စိုက်ခင်းသေးသေးကလေးဖြင့် နယ်နိမိတ်သတ်ထားသည်။ ထိုဥယျာဉ်ကလေးကို ပတ်ပတ်လည်မှာ ခြံကာထားသည်။ အမေသည် ထိုဥယျာဉ်အတွင်း၌ နှင်းဆီပန်း၊ ဒေလီယာပန်း စသည့် ပန်းတချို့စိုက်ပျိုးထားသည်။ ဖြစ်ဖြစ်မြောက်မြောက်လုပ်ထားခြင်း မဟုတ်ပါ။ ပန်းခင်းထဲက ပန်းများမှာ နွမ်းလျညှိုးရော်နေကြသည်။ ဥယျာဉ်၏တစ်ဖက်တွင် ကျောက်စရစ်ခဲများခင်းထားသည့်မြေကွက်တစ်ကွက် ရှိသည်။ ရေကန်စပ်အထိရောက်သည်။

ထိုနေရာတစ်ဝိုက်တွင် ပေါက်နေသည့် စည်ပိုင်းပျက်နှစ်လုံး ရှိသည်။ ပျဉ်ပြားဟောင်းတချို့နှင့် ခြံဝင်း ဝင်းတိုင်ဟောင်းများလည်း ရှိသည်။ ရေကန်ကမ်းစပ်တွင် လှေတစ်စီးရှိရာ ထိုလှေသည် ကျွန်တော်တို့လှေဖြစ်သည်။ ထိုခေတ်ထိုကာလက ကျွန်တော့်အဖေသည် ထိုလှေကို နှစ်နှစ်၊ သုံးနှစ်လျှင်တစ်ကြိမ်ခန့် ပြုပြင်ရသည်။ လှေတွင်ရှိနေသည့် အပေါက်အကွဲများကိုလည်း ဖာထေးပေးရသည်။ လှေကိုပြင်ဆင်သည့် နေ့ရက်များသည် ကျွန်တော့်မှတ်ဉာဏ်ထဲ၌ ယနေ့အချိန်ထိ ရှိနေဆဲဖြစ်ပါသည်။

လှေကိုပြုပြင်သည့် နေ့ရက်များသည် နွေရာသီအစောပိုင်းကာလတွင် ဖြစ်သည်။ ပူနွေးသောနေ့ရက်များ၏ မွန်းလွဲပိုင်းတွင် ပြင်ဆင်ကြခြင်းဖြစ်ပါသည်။ သီးနှံစိုက်ခင်းအတွင်းမှ အပွင့်များနှင့် အရွက်များသည် နေရောင်အောက်တွင် လှုပ်ရှားခါယမ်းနေကြသည်။ အပြာရောင်ကန်ရေပြင်သည် လှုပ်ရှားခြင်းမရှိ၊ ငြိမ်ဆိတ်နေသည်။ တချို့နေရာတွင် အရောင်မျိုးစုံဖြာထွက်နေသည်။ မြူများသည် တောင်ထိပ်များအား ခပ်ပါးပါးအလွှာများဖြင့် ဖုံးကွယ်ထားသည်။ ကျောက်စရစ်ခင်းထားသော မြေကွက်ဆီမှ ကတ္တရာစေးနံ့နှင့် သုတ်ဆေးနံ့များ ထောင်းထောင်းထလျက်ရှိလေသည်။

ထို့နောက်ပိုင်းတွင် တစ်နွေလုံး လှေဆီမှ ကတ္တရာစေးနံ့ကို ရှုရှိုက်

mgyoe.com


နေရသည်။ ထိုအနံ့ကို ကျွန်တော်မမေ့ပါ။ နောင်နှစ်ပေါင်းများစွာအကြာ ပင်လယ်ပြင်၌ ခရီးသွားရသည့်အခါတိုင်းကတ္တရာစေးနံ့နှင့် ရေနံ့ကို ကျွန်တော်ရှူရှိုက်ရသည်။ ထိုအခါတွင် ကျွန်တော့်စိတ်သည် ချက်ချင်းပင် ကျွန်တော်တို့အိမ်ဝင်းအတွင်းမှ ကျောက်စရစ်မြေကွက်ဆီသို့ ရောက်သွားတတ်၏။ အဖေသည် အင်္ကျီလက်မောင်းများကို ခေါက်တင်ကာ စုတ်တံတစ်ချောင်းဖြင့် လှေကိုဆေးသုတ်လျက်ရှိသည်။ သူ့ပါးစပ်တွင် ကိုက်ထားသည့် ပြာလဲ့လဲ့မီးခိုးငွေ့များသည် နွေလေထဲတွင် လွင့်မျောနေကြသည်။ အဝါရောင်လိပ်ပြာများသည် ရှက်စနိုးဖြင့် တွန့်ဆုတ်ဆုတ်ပျံသန်းနေကြသည်။

ယင်းကဲ့သို့သော နေ့ရက်များတွင် အဖေသည် ခါတိုင်းနှင့်မတူ၊ သူ့တွင် ရှိထားသည့်ပင်ကိုစရိုက်နှင့် ဝါသနာကိုဖော်ပြလေ့ရှိသည်။ သူသည် လေကလေးတချွန်ချွန်နှင့် စိတ်လက်ပေါ့ပါးစွာနေတတ်သည်။ တစ်ခါတစ်ရံတွင် သူရထားသော သီချင်းများထဲမှ သူနှစ်သက်ရာ သီချင်းတစ်ပိုင်းတစ်စကို အသံထွက်၍စိတ်ပါလက်ပါဆိုနေတတ်သည်။ ထိုအချိန်အတွင်း အမေသည် ညစာအတွက် ကောင်းနိုးရာရာများကို ချက်ပြုတ်နေသည်။ အမေ့စိတ်ထဲတွင် ဒီညတော့ဖြင့် ကျွန်တော့်အဖေ စားသောက်ဆိုင်သို့ သွားလိမ့်မည်မဟုတ်ဟု ယူဆနေဟန်တူသည်။ သို့သော်လည်း အဖေသည် အချိန်ကျလာသည့်အခါ ခါတိုင်းလိုပင် စားသောက်ဆိုင်သို့ ထွက်သွားလေ့ရှိသည်။

ကျွန်တော်၏လူငယ်ဘဝ ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်အပေါ်တွင် ကျွန်တော့်မိဘနှစ်ပါး၏ အဆိုး၊ အကောင်း ဩဇာညောင်းမှုများ မည်မျှအထိရှိခဲ့သည်။ မည်သို့မည်ပုံရှိခဲ့သည် စသည်များကို ကျွန်တော်အတိအကျ မသတ်မှတ်နိုင်ပါ။ အမေသည် အမြဲတစေ အလုပ်နှင့်လက်ပြတ်သည်ဟု မရှိပါ။ အချိန်ရှိသမျှ အလုပ်နှင့်နပန်းလုံးနေရသူဖြစ်ပါသည်။ အဖေ့မှာကတော့ ဤကမ္ဘာလောကကြီးထဲတွင် သူ့အားစိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်မည့်အရာဟူ၍ ဘာတစ်ခုမှမရှိသလို နေထိုင်လျက်ရှိပါသည်။

အဖေ့တွင် လုပ်စရာအလုပ်တွေ အပြည့်အစုံ၊ အလုံအလောက်ရှိနေသည်။ သူ့တွင် ဂရုတစိုက်ပြုစုပျိုးထောင်ပေးရမည့် သစ်သီးပင်များရှိသည်။

mgyoe.com

mgyoe.com


နှစ်စဥ်စိုက်ပျိုးရသည့် အာလူးခင်းတစ်ခင်းရှိသည်။ စောင့်ကြပ် ကြည့်ရှုနေရသည့် မြက်ခင်းတစ်ခင်းရှိသည်။ တစ်ခါတစ်ရံတွင် ညဥ့်ဦးပိုင်း အပြင်မထွက်မီ အဖေသည် ကျွန်တော့်လက်ကိုဆွဲ၍ စကားတစ်ခွန်း မှမပြောဘဲ မြင်းဇောင်းအပေါ်ထပ်ခိုးပေါ်သို့ခေါ်သွားသည်။ ပြီးတော့ ကျွန်တော်ကျူးလွန်ခဲ့သည့် အကုသိုလ်ဒုစရိုက်မှုများအတွက် ကျေအေးအောင်ပေးဆပ်ရသည့် အခမ်းအနားကို ကျင်းပသည်။ အလွန်ထူးဆန်းသည့် အခမ်းအနားဖြစ်ပါ၏။ ကျွန်တော်ရော၊ အဖေပါ ဘာကြောင့်ဟု မည်မည်ရရမသိပါဘဲနှင့် ကျွန်တော့်အား တုတ်နှင့်ရိုက်၍ ကျွန်တော်က အဖေ၏အရိုက်ကိုခံရသည်။

ယင်းကိစ္စမှာ လက်စားချေခြင်းကိုစောင့်သော ဂရိနတ်ဘုရားအားပူဇော်ခြင်းဖြစ်၏။ အဖေကလည်း ကျွန်တော့်အား လုံးဝပြစ်တင်ကြိမ်းမောင်း ခြင်းမပြုပါ။ ကျွန်တော်ကလည်း မကျေနပ်သောစိတ်ဖြင့် အဖေ့လုပ်ရပ်ကို ငြင်းဆန်ကန့်ကွက်ခြင်းမပြုပါ။ နှစ်ဦးစလုံး ရေငုံနှုတ်ပိတ်လုပ်ကာ သူက ရိုက်၍ ကျွန်တော်က အရိုက်ခံခြင်းဖြင့် နတ်ဘုရားအားပူဇော်ပသနေခြင်းမျှသာဖြစ်ပါသည်။ နောက်ပိုင်းနှစ်ကာလများအတွင်း လူအများက 'မမြင်ရသောကံကြမ္မာ'အကြောင်း ဆွေးနွေးကြသည့်အခါတိုင်း ကျွန်တော်သည် ကိုယ်ကြုံခဲ့ရသည့် လျှို့ဝှက်ဆန်းကြယ်သောလုပ်ရပ်များကို ပြန်လည်သတိရမိပါသည်။ 'မမြင်ရသော ကံကြမ္မာ' အယူအဆကိုလည်း ပီပြင်ပြတ်သားစွာ သိမြင်နားလည်ခဲ့ရပါသည်။ တကယ်တော့ လူကောင်း ဖြစ်သော ကျွန်တော့်အဖေသည် ရိုးစင်းလှသော ဘဝအသိအတိုင်းလိုက်နာ လုပ်ကိုင်ခဲ့ခြင်းဖြစ်၏။ ကျွန်တော်တို့အပေါ်၌ အပြစ်ဒဏ်ကျရောက်လာသည့်အခါတွင်လည်း သူကိုယ်တိုင်ကတော့ရှင်းမပြနိုင်။ ကျွန်တော်တို့အနေဖြင့် ကျွန်တော်တို့၏အထက်၌ရှိနေသော တန်ခိုးရှင်များဒေါသထွက်အောင် ဘယ်လိုဒုစရိုက်မျိုးတွေ လုပ်ခဲ့မိပါလိမ့်ဟု ကိုယ့်ဘာသာကို တွေးတောဆင်ခြင်ကြည့်ကြရပါသည်။

ဤတွင် ကံမကောင်းအကြောင်းမသင့်ခြင်းကြောင့်ပေလား မသိ။ မိမိအပြစ်ကိုမိမိ ပြန်လည်ဆင်ခြင်သော တုံ့ပြန်မှုသည် ကျွန်တော့်အပေါ်တွင်ဖြစ်ပေါ်လာခြင်းမရှိပါ။ အများအားဖြင့် ကျွန်တော်သည် ပေးသမျှအပြစ်ဒဏ်တစ်ခုချင်းစီအပေါ်၌ လက်မြှောက်အရှုံးပေးသည်။ အညံ့ခံသည်။ တစ်

mgyoe.com

mgyoe.com


ခါတစ်ရံမကျေနပ်စိတ်ဖြင့် ငိုခဲ့သည်။ မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်ခြင်းကိုမူ လုံးဝမပြု။ အခုလို တစ်ခါအပြစ်ဒဏ်ခံရပြီးပါက နောက်ထပ် ရက်အတန်ကြာမျှ အပြစ်ဒဏ်ခံရခြင်းမှ လွတ်မြောက်နေပေဦးတော့မည် ဟူသော အတွေးဖြင့် စိတ်သက်သာမှုရနေသည်။

ကျွန်တော့်အဖေက ကျွန်တော့်အား အလုပ်လုပ်ချင်လာအောင် တိုက်တွန်းခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်းများ ပြုလုပ်ခဲ့ရာ ယင်းအားထုတ်မှုများနှင့်ပတ်သက်၍ကျွန်တော်သည် ပို၍လွတ်လပ်သော သဘောထားကို လက်ခံကျင့်သုံးခဲ့သည်။ ကျွန်တော့်အဖေသည် ကျွန်တော့်အားသူ့အတွက် ကူဖော်လောင်ဖက်ရသော၊ အသုံးဝင်သော သားတစ်ယောက်ဖြစ်လာစေရန် ကြိုးပမ်းရာ၌ များစွာဒုက္ခခံခဲ့ရသည်ဟု ဆိုရမည်ဖြစ်၏။ တကယ်တော့ သဘာဝတရားသည် ကျွန်တော့်အား ဆန့်ကျင်ဘက်အရည်အသွေးနှစ်ခုကို ပေါင်းစပ်ပေးထားသည်။ ကျွန်တော်သည် ခန္ဓာကိုယ်ကြီးထွားသန်မာသော်လည်း အလုပ်လုပ်ချင်စိတ်ကျတော့ မရှိသလောက်နည်းပါးလျက်ရှိသည်။

ကျွန်တော်သည် ကျွန်တော့်အဖေက နည်းပရိယာယ်အမျိုးမျိုးဖြင့် အလုပ်လုပ်ချင်လာအောင် စေခိုင်းသမျှကို လိမ္မာပါးနပ်စွာဖြင့် ရှောင်တိမ်းခဲ့သည်။ ကျွန်တော်သည် ကျောင်းသားသူငယ်ဘဝကတည်းက အဖေက မည်မျှပင် အပင်ပန်းခံ၍ အလုပ်လုပ်ပြနေသော်လည်း အားမကျခဲ့ပါ။ ထိုအတောအတွင်း ကျွန်တော်၏ အကြီးမားဆုံးသော သာယာမှုမှာ ကျောက်တုံးကျောက်ဆောင်များ၊ မြက်ခင်းပြင်များနှင့် ကန်ရေပေါ်၌ လှည့်လည်သွားလာနေရခြင်း ဖြစ်သည်။ တောင်တန်းများ၊ ရေကန်၊ မုန်တိုင်းနှင့် နေရောင်တို့သည် ကျွန်တော့်မိတ်ဆွေများ ဖြစ်၏။ သူတို့သည် ကျွန်တော့်အား တရင်းတနှီး စကားပြောကြသည်။ ကာလကြာမြင့်စွာပင် သူတို့သည် ကျွန်တော်နှင့်အချစ်ဆုံး၊ အရင်းနှီးမိတ်ဆွေများ ဖြစ်လာခဲ့သည်။ ကျွန်တော်သည် တလက်လက်တောက်ပနေသော ရေပြင်၊ ထင်းရှူးပင်များနှင့် နေရောင်ပက်ဖျန်းထားသည့် ကျောက်တုံး၊ ကျောက်ဆောင်များကို အလွန်ချစ်ခင်မြတ်နိုးသည်။ ယင်းတို့ထက်ပို၍ အချစ်မြတ်နိုးဆုံးအရာမှာ တိမ်များဖြစ်ပါသည်။

mgyoe.com

mgyoe.com


တိမ်များကို ကျွန်တော့်ထက်ချစ်သော၊ မြတ်နိုးသောလူသည် ဤကမ္ဘာလောကအတွင်း၌ ရှိပါမည်လား။ ကျွန်တော့်အား ရှာဖွေပြီးပြစေချင်သည်။ တိမ်များထက် ပို၍လှပသောအရာ ရှိပါကလည်း ကျွန်တော့်အား ပြစေချင်ပါ၏။ တိမ်များသည် ပြဇာတ်တစ်ပုဒ်၏အနှစ်သာရ၊ ကောင်းကင်ဘုံ၏ဒေါသနှင့် သေခြင်း၏စွမ်းအားများကို ကိုယ်စားပြုနေသည်ဟု ကျွန်တော်ထင်သည်။ သူတို့သည် မျက်စိကိုအေးမြစေသည်၊ ဘုရားသခင်၏မြင့်မြတ်သောဆုတစ်ခုဖြစ်သည်။ မွေးကင်းစကလေးများ၏စိတ်ကဲ့သို့ သိမ်မွေ့သည်။ နူးညံ့သည်။ ညင်သာပျော့ပျောင်းသည်။

ငွေရောင်သန်းနေသည့် ဖြူလွလွတိမ်လိပ်များသည် ကျက်သရေရှိသည်။ ခန့်ညားလှပသည်။ အဝါရောင်၊ အပြာရောင်၊ အညိုရောင်၊ ရွှေရောင် စသည့်အရောင်အမျိုးမျိုး ပြောင်းသည့်အခါတွင်လည်း သူတို့၏အလှသည် တိုးလာသည်။ ကောင်းကင်ပြင်၌ ရွေ့လျားသွားလာနေကြသည့်အခါ သူတို့၏အလှသည် ပို၍ပီပြင်ကာ အသက်ဝင်လာသည်။ တစ်ခါတစ်ရံတွင် အဖြူရောင်တိမ်လွှာများအား အနီရောင်၊ အညိုရောင်၊ အပြာရောင်နှင့် ရွှေဝါရောင်တိမ်များက ကလနားသတ်ပေးထားသည်။

သူတို့သည် ဘုရားသခင်၏မြတ်သောကောင်းကင်ဘုံနှင့် အဘက်ဘက်တွင် အားအင်ချည့်နဲ့ နုံချာလွန်းလှသော ကမ္ဘာမြေပြင်ကြား၌ လွင့်မျောနေကြသည့် ခရီးသည်များ ဖြစ်သည်။ လူသားတို့၏ ပင်လယ်ခရီးအားလုံး၊ ရှာဖွေစူးစမ်းမှုအားလုံးနှင့် ထက်သန်ပြင်းပြသော တောင့်တမှုအားလုံးအတွက် အထောက်အကူပြုနေသည့် အမှတ်အသားဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

ကျွန်တော့်အဖို့တော့ ဂနာမငြိမ်ဖြစ်ကာ လွင့်မျောနေသည့် တိမ်လွှာတိမ်ထုများသည် ချစ်စရာ၊ မြတ်နိုးစရာကောင်းသည့်အရာများ ဖြစ်သည်။ ကျွန်တော်သည် ဘာမှမသိနားမလည်သည့် အရူးအမိုက်ကလေးမျှသာ ဖြစ်ပါ၏။ သို့သော်လည်း သူတို့ကိုချစ်သည်။ သူတို့အကြောင်းကို အလေးအနက်ထား၍ ဆင်ခြင်စဉ်းစားသည်။ ကျွန်တော်ကိုယ်တိုင် လူ့ဘဝထဲတွင် တိမ်လွှာတစ်ခု လွင့်မျောနေသကဲ့သို့ လှည့်လည်သွားလာနေရလျှင် ကောင်းလေမလား။ သို့ဆိုလျှင် ကျွန်တော်သည် ရောက်လေရာနေရာတိုင်း၌

mgyoe.com

mgyoe.com

လူစိမ်း၊ လူသစ်သာ ဖြစ်နေပေလိမ့်မည်။ ပြီးတော့ အချိန်နှင့် အပိုင်းအခြား မရှိသော ကာလကြား၌ လွင့်မျောနေသည့် လူတစ်ယောက်ဖြစ်လာဖို့ ရှိပါသည်။

ကလေးဘဝ နေ့ရက်များအတွင်းက သူတို့သည် ကျွန်တော်၏ ချစ်ခင်ရင်းနှီးလှသော သူငယ်ချင်းများနှင့် အစ်မများ ဖြစ်ခဲ့ကြသည်။ ဘယ်တော့မဆို သူတို့နှင့် အပြန်အလှန်နှုတ်မဆက်ဘဲ၊ အပြန်အလှန်မကြည့်ဘဲ လမ်းတစ်လမ်းကို ဖြတ်ကူးသွားလေ့မရှိပါ။ လမ်းဖြတ်မကူးမီ တစ်နေရာရာ၌ အချိန်အတန်ကြာမျှရပ်ကာ အပြန်အလှန်ကြည့်ခြင်းဖြင့် အချိန်ဖြုန်းစမြဲဖြစ်သည်။ ထိုအချိန်အခါက ကျွန်တော့်ဘက်က လေ့လာစဉ်းစားမိခဲ့သမျှကိုလည်း ဘယ်တော့မှ မမေ့ပါ။

ထိုစဉ်က ကျွန်တော်သည် သူတို့၏အသွင်အပြင်များ၊ ပုံသဏ္ဍာန်များ၊ အရွယ်အစားများ၊ အရောင်အဆင်းများ၊ ရွေ့လျားလှုပ်ရှားဟန်များနှင့် မြူးထူးပုံများကို အသေအချာကြည့်မိသည်။ သူတို့၏ထူးဆန်းအံ့သြဖွယ်ရာ ပုံပြင်များကိုလည်း စိတ်ကူးမိသည်။ အားလုံးထဲတွင် ကျွန်တော် သတိတရ မှတ်မိနေသည်မှာ 'နှင်းဖြူမယ် မင်းသမီးလေး' ဖြစ်သည်။ သူမ၏ဇာတ်ခုံသည် ဆောင်းရာသီဝင်စ အစောပိုင်းကာလကပေါ်လာခဲ့သော အနိမ့်ပိုင်းတောင်တန်းများ ဖြစ်ပါသည်။ နှင်းဖြူမယ်မင်းသမီးလေးသည် နောက်တော်ပါအခြွေအရံအနည်းငယ်မျှပင် အမြင့်ဆုံးတောင်ထိပ်များပေါ်မှ ဆင်းသက်လာပြီး အောက်ဘက်အနိမ့်ပိုင်းရှိ တောင်စောင်းတောင်ကမ်းပါးများထဲ၌ သူမအတွက် နားခိုရာနေရာကို ရှာဖွေခဲ့သည်။

ထိုအခါ မင်းသမီးလေးအပေါ် မနာလိုတိုရှည်ဖြစ်နေသော မြောက်လေသည် နားနေရန် လဲလျောင်းနေသော အပြစ်ကင်းမဲ့သည့် မိန်းမပျိုအားတွေ့မြင်သွားသည်။ ပြင်းထန်သောတပ်မက်မှုသည် ဖြစ်ပေါ်လာသည်။ သို့တစေလည်း သူသည် ထိုတပ်မက်မှုကို လျှို့ဝှက်ဖုံးကွယ်ကာ တောင်တန်းကြီးပေါ် ကျော်လွှားပြီး မင်းသမီးလေးအပေါ်သို့ ဒေါသတကြီးခုန်ဆင်းသည်။ အလှတစ်ပါးဖြစ်သည့် မင်းသမီးကလေးရှိရာသို့ မည်းနက်သောတိမ်ပုပ်များနှင့် လှမ်းပေါက်သည်။ စိတ်ဆိုးမာန်ဆိုးဖြင့် မင်းသမီးကလေးအား အော်ဟစ်ငေါက်ငမ်း ဆူပူကြိမ်းမောင်းကာ ဝေးရာသို့ထွက်

mgyoe.com

mgyoe.com

သွားရန် နှင်ထုတ်သည်။

တစ်ခဏမျှတော့ မင်းသမီးကလေးသည် စိတ်လက်မချမ်းမမြေ့ ဖြစ်ရသည်။ သူမသည် သည်းခံစိတ်ကိုမွေးကာ စိတ်ရှည်လက်ရှည် စောင့်သည်။ သူမနေခဲ့ရာ အမြင့်ပေါ်သို့ပြန်တက်ရန် အားထုတ်သည်။ သူမ၏ထိတ်လန့်ကြောက်ရွံ့နေကြသည့် အပျိုတော်များအား စုဆောင်းကာ သူမအား ဝန်းရံထားစေသည်။ သူမ၏ ခြုံပဝါကိုဖွင့်ကာ နန်းဆန်လှသောအလှကို လှစ်ပြသည်။ မကောင်းဆိုးဝါးကြီးအား ရဲရဲဝံ့ဝံ့ရင်ဆိုင်ကာ ပြန်လည်မောင်းထုတ်သည်။ မကောင်းဆိုးဝါးကြီးသည့် ရှေ့မတိုးတော့ဘဲ တန့်သွားသည်။ အော်ဟစ်ညည်းညူခြင်း ပြုသည်။ ထို့နောက် ထွက်ပြေးသည်။ မင်းသမီးကလေးသည် ပြန်လည်လဲလျောင်းသည်။ သူမ၏ပလ္လင်ကို ဖြူလွလွမြူများဖြင့် ဖုံးအုပ်လွှမ်းခြုံထားလိုက်သည်။ မြူနှင်းများပျက်ပြယ်ပြီး ဆုတ်ခွာသွားသည့်အခါ တောင်ကြားများနှင့် တောင်ထိပ်များသည် အသစ်ကျဆင်းလွှမ်းခြုံလာသော ဆီးနှင်းများနှင့်အတူ ငွားငွားစွင့်စွင့်ပေါ်လာပြီး တဝင်းဝင်း၊ တလက်လက် တောက်ပလာကြသည်။

ဤပုံပြင်တွင် မြင့်မြတ်ခြင်းနှင့် စိတ်ဓာတ်တည်ငြိမ် ရင့်ကျက်ခြင်းတို့ ရှိနေသည်။ အောင်မြင်မှုသရဖူဆောင်းခြင်းကိုလည်း တွေ့ရ၏။ ဤသည်တို့မှာ ဤပုံပြင်၏အလှတစ်ပါး ဖြစ်သည်။ ထို့ကြောင့်လည်း ဤပုံပြင်သည် ကျွန်တော့်နှလုံးသားကို လှုပ်ရှားစေခဲ့သည်။ ပီတိလွှမ်းစေခဲ့သည်။ ကြည်နူးချမ်းမြေ့စေခဲ့သည်။ အလွန်ပျော်စရာကောင်းသည့် လျှို့ဝှက်ချက်ကလေးတစ်ခုကြောင့် ကျွန်တော်သည် အတိုင်းမဆမသိနိုင်လောက်အောင်ကြီးမားသည့် စိတ်သာယာမှုကို ရရှိခံစားခဲ့ရလေသည်။

အိမ်များဆီသို့ နီးနီးကပ်ကပ် သွားရောက်နိုင်သော အခွင့်အရေးကို အချိန်တန်သည့်အခါ ရလာခဲ့သည်။ ကျွန်တော်သည် တိမ်များအနီးသို့ ရောက်သွားခဲ့ရုံမျှမက တိမ်များကြား၌ပင် လှုပ်ရှားသွားလာခွင့်ရခဲ့သည်။ အမြင့်ပိုင်းမှနေ၍ သူတို့ထံရောက်လာနေသည့် ဧည့်သည်များကိုပင် မြင်ခွင့်ရခဲ့သည်။ ကျွန်တော် ပထမဦးဆုံးတက်ခဲ့သည့်တောင်မှာ ဆိနယ်စတော့ ဖြစ်၍ ထိုစဉ်က ကျွန်တော့်အသက်သည် ဆယ်နှစ်သားရှိနေပြီ။ ကျွန်တော်တို့ရွာ နီမီကွန်သည် ထိုတောင်၏တောင်ခြေရင်း၌ တည်ရှိလေသည်။

mgyoe.com

mgyoe.com


ထိုအချိန်အခါကျမှပင် ကျွန်တော်သည် ပထမဆုံးအကြိမ် တောင်တန်းကြီးများ၏ ကြောက်မက်ဖွယ်ရာများနှင့် ဆွဲဆောင်မှုများကို မြင်ခဲ့၊ ကြည့်ခဲ့ရသည်။ အလွန်နက်ရှိုင်းသော လျှိုမြောင်ချောက်ကမ်းပါးကြီးများနှင့် ကျဉ်းမြောင်းသော တောင်ကြားများ၊ ကျယ်ဝန်းနက်ရှိုင်းသော ပပ်ကြားအက်ကြီးများ . . . ။ ယင်းတို့အထဲ၌ပြည့်နေသည့် ရေခဲတုံးကြီးများ၊ မပျော်တစ်ဝက် ပျော်တစ်ဝက်ဖြစ်နေသော ဆီးနှင်းပြင်များ၊ မှန်သားပြင်သဖွယ် ကြည်လင်တောက်ပနေသည့် ရေခဲမြစ်များ၊ ယင်းတို့စီးဆင်းသည့်အခါ လိုက်ပါလာကြသည့် ထိတ်လန့်အံ့ဩဖွယ်ရာ မြေစိုင်မြေခဲကြီးများနှင့် ကျောက်တုံး၊ ကျောက်ခဲကြီးများ . . . ။ ထိုအရာအားလုံး၏အထက်ဘက်တွင် ခေါင်မိုးကြီးသဖွယ် အုပ်ထားသည့် မိုးကောင်းကင် . . . ။

နှစ်ပေါင်းဆယ်နှစ်တိတိ တောင်တန်းနှင့် ရေကန်ကြား၌ နေထိုင်ခဲ့ရပြီး ပတ်ပတ်လည်မှ မြင့်မားသော တောင်ထိပ်များကို အမြဲတစေ မြင်တွေ့နေရသူတစ်ဦးအနေဖြင့် မိုးကောင်းကင်နှင့် ထိတွေ့လုနီးပါးမြင့်မားသည့် တောင်ထိပ်ပေါ်သို့ ပထမဆုံးအကြိမ် ရောက်သွားသည့်အခါ မြင်ရ၊ တွေ့ရသည့် မြင်ကွင်းရှုခင်းများသည် ဘဝတစ်သက်တာ ကာလပတ်လုံး မေ့နိုင်လိမ့်မည် မဟုတ်ဟု ထင်ပါသည်။ မိမိ၏ဦးခေါင်းအထက်မှ အပြောကျယ်လှသည့် မိုးကောင်းကင်နှင့် မိမိ၏ရှေ့တည့်တည့်မှ အဆုံးအစ၊ အကန့်အသတ်မရှိသော မိုးကုပ်စက်ဝိုင်းတို့သည် လွယ်လွယ်နှင့် မေ့ပျောက်သွားနိုင်မည့်အရာများ မဟုတ်ပါ။

ကျွန်တော်၏ တောင်တက်ခရီးတွင် ငေါထွက်နေသော ကျောက်ဆောင်ကျောက်စွန်းကြီးများနှင့် ကမ်းစောက်ချောက်ကမ်းပါးကြီးများကို မြင်တွေ့ခဲ့ရသည်။ ယင်းတို့သည် ကျွန်တော် တောင်ခြေမှ လှမ်းမြင်ခဲ့ရသည့် အရာများနှင့် တူပါသည်။ သို့သော်လည်း ကိုယ့်မျက်စိကိုယ် မယုံကြည်နိုင်လောက်အောင် ကြီးမားနေသဖြင့် အံ့ဩခြင်းကြီးစွာ ဖြစ်ရပါသည်။ ထိုမြင်ကွင်းနှင့် ရင်ဆိုင်လိုက်ရသည့် တဒင်္ဂအချိန်ကလေးတွင် ကျွန်တော်သည် ထိတ်လန့်ခြင်းလည်း ဖြစ်ရ၏။ အံ့ဩခြင်းလည်း ဖြစ်ရ၏။ ဝမ်းသာ အားရလည်း ဖြစ်မိ၏။ ဤကမ္ဘာကြီး ကြီးမားကျယ်ပြောလှ ပါဘိသည်ဟူသော အတွေးသည်လည်း ဖျတ်ခနဲ ဝင်ရောက်လာခဲ့လေသည်။

mgyoe.com

mgyoe.com

ကျွန်တော်တို့ရွာသည် အောက်ဘက် အလွန်နက်ရှိုင်းသောနေရာ၌ တည်ရှိသည်။ အလွန်သေးငယ်လွန်းသဖြင့် အစက်ကလေးတစ်စက်နှင့် တူသည်။ တောင်ခြေရင်းမှ မော့ကြည့်ခဲ့စဉ်က တစ်ခုနှင့်တစ်ခု ဆက်စပ် တည်ရှိနေသည်ဟု ယူဆခဲ့သော တောင်ထွတ်တောင်ထိပ်များသည် ယခုလို နီးကပ်စွာ မြင်ရသည့်အခါ တစ်ခုနှင့်တစ်ခု များစွာကွာဝေးလှသဖြင့် နာရီပေါင်းများစွာ အကုန်ခံ၍လျှောက်မှသာ ရောက်နိုင်မည့်အနေအထား ဖြစ်နေသည်။ ထိုအခါ ကျွန်တော့်စိတ်ထဲ၌ ကမ္ဘာကြီးကို ကျွန်တော် မြင်တွေ့နေရသည်မှာ အကန့်အသတ်နှင့်ဖြစ်သည်ကို နားလည်လာရ၏။ အမှန်တော့ ကျွန်တော်မြင်တွေ့နေရသည်များမှာ အားလုံးကို မြင်တွေ့နေရခြင်း မဟုတ်ပါတကားဟူသော အသိကိုလည်း ရလာခဲ့ပါသည်။

ဤတောင်တန်းကြီးများ၏ အခြားတစ်ဖက် အလွန်ဝေးကွာလှသော နေရာဒေသများ၌ ကြီးမားသောဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပါကလည်း ထိုဖြစ်ရပ်များနှင့်ပတ်သက်၍ ကျွန်တော်တို့ရွာမှ သဲ့သဲ့ကလေးမျှ ကြားရလိမ့်မည် မဟုတ်ပါ။ ကျွန်တော့်အနေဖြင့် ထိုအရပ်၊ ထိုဒေသများဆီသို့ ရောက်သွားချင်သည့် ဆန္ဒသည် အလွန်ပြင်းပြစွာဖြစ်ပေါ်ခဲ့ရ၏။ ကျွန်တော်သည် အဆုံးအစမရှိနိုင်လောက်အောင် ကျယ်ဝန်းပြန့်ပြူးစွာ ဖြန့်ကြက်အုပ်မိုးနေသည့်တိမ်လွှာများကိုကြည့်ကာ သူတို့၏အလှကို သတိထားမိခဲ့ရုံမျှမက လွမ်းသလို၊ ဆွေးသလိုဖြစ်သော စိတ်ခံစားမှုကိုပါ ရရှိခဲ့ရပါသည်။

တောင်ပေါ်သို့ ကျွန်တော်နှင့်အတူတက်လာခဲ့သော ကျွန်တော့်ထက် အသက်ကြီးသည့်လူများသည် ကျွန်တော် တောင်တက်နိုင်သည့်အတွက် ချီးမွမ်းကြသည်။ ရေခဲပြင်ဖုံးလွှမ်းထားသဖြင့် အေးမြနေသောတောင်ထိပ်၌ အမောပြေထိုင်ကြစဉ်အတွင်း ကျွန်တော်၏ စိတ်အားထက်သန်မှုကို ကြည့်ကာ ရယ်နေကြသည်။ ကျွန်တော်သည် ပျော်ရွှင်လွန်းအားကြီးသဖြင့် လှုပ်ရှားနေသောစိတ်ဖြင့် တအားကုန်အော်မိသည်။ ကျွန်တော့်အသံသည် ပဲ့တင်ထပ်ကာ ကျွန်တော့်ထံ ပြန်လာလိမ့်မည်ဟု မျှော်လင့်စောင့်စားနေမိသည်။ သို့သော်လည်း ကျွန်တော့်အော်သံသည် အဖြေမရဘဲ ပျောက်သွားသည်။ ကျွန်တော်သည် ဤအတွက်ကြောင့် အရှက်ရခဲ့ပါသည်။

ထိုနေ့သည် ကျွန်တော့်ဘဝတွင် ထူးခြားသောမှတ်တိုင်တစ်ခု ဖြစ်ခဲ့

mgyoe.com

mgyoe.com

သည်။ ထိုနောက်ပိုင်းတွင် အဖြစ်အပျက်များသည် တစ်ခုပြီးတစ်ခု ဆက်တိုက်ဖြစ်ပေါ်လာသည်။ ပထမဆုံးကြုံရသည့်ဖြစ်ရပ်မှာ လူကြီးများက သူတို့ တောင်ပေါ်တက်တိုင်း ကျွန်တော့်အား ခေါ်သွားလေ့ရှိခြင်းဖြစ်၏။ ခက်ခဲပင်ပန်းစွာတက်ရသော တောင်တက်ခရီးများမှာပင် ကျွန်တော်ပါသွားလေ့ရှိပါသည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် ထောင်ထိပ်များ၏ ကြီးမားသော လျှို့ဝှက်ချက်များကို ထိုးဖောက်ဝင်ရောက်ကာ ထဲထဲဝင်ဝင် သိရှိနိုင်စွမ်းရှိခဲ့သဖြင့် များစွာမှပင် ပီတိဖြစ်ရလေသည်။

ဒုတိယဖြစ်ရပ်မှာ ကျွန်တော်သည် ဆိတ်ကျောင်းသမား ဖြစ်လာရခြင်းပေတည်း။ ကျွန်တော် ဆိတ်များကို ခေါ်သွားသည့်နေရာမှာ တောင်ကုန်းဆင်ခြေလျှောတစ်ခုပေါ်မှ လေကွယ်သောထောင့်တစ်ထောင့် ဖြစ်သည်။ ထိုနေရာတစ်ဝိုက်တွင် အပြာနုရောင်ပန်းချုံကလေးများနှင့် နီနီရဲရဲပန်းခင်းကလေးများ ရှိသည်။ ကျွန်တော်အနှစ်သက်ဆုံး စားကျက်ကလေး ဖြစ်ပါ၏။ ထိုနေရာမှ မျှော်ကြည့်လိုက်လျှင် ရွာကိုမမြင်နိုင်ပါ။ ရှေ့တည့်တည့် ကျောက်တုံးကျောက်စွန်းများကို ကျော်ကြည့်လိုက်လျှင်မူ ရေကန်မှစီးထွက်လာသည့် ချောင်းစွယ်ကလေးကို မြင်နေရသည်။ ပတ်ဝန်းကျင်တစ်ခွင်တွင် ပွင့်ဖူးလန်းဆန်းနေသည့် ရောင်မျိုးစုံပန်းများ . . . ။ အဖုအထစ် အငူအစွန်းများ ထွက်နေပြီး ဆီးနှင်းများဖုံးလွှမ်းနေသော တောင်ထိပ်များအထက်မှ မျက်နှာကြက်သဖွယ် အုပ်မိုးထားသည့် ပြာလဲ့လဲ့မိုးကောင်းကင် . . . ။ မနီးမဝေးရှိ ရေတံခွန်ဆီမှ ရေကျသံများနှင့် ဆိတ်အုပ်ဆီမှလာနေသည့် ဆိတ်ခြူသံများ . . . ။

ကျွန်တော်သည် ထိုနေရာ၌ပက်လက်လှဲကာ မိုးကောင်းကင်ထက်မှ ရွေ့လျားသွားလာနေကြသည့် ဖြူလွလွတိမ်စုကလေးများကို ကြည့်သည်။ ပြီးတော့ ပါးစပ်မှ မကျယ့်တကျယ်အသံဖြင့် တေးသံများပေးသည်။ ထိုအခိုက်တွင် ဆိတ်အုပ်ထဲမှ ဆိတ်တစ်ကောင်စ၊ နှစ်ကောင်စကြောင့် လှဲနေရာမှ ထရသည်။ သူတို့တစ်တွေ ဝေးရာသို့ရောက်မသွားအောင် လိုက်လံထိန်းသိမ်းပေးရသည်။ ကျွန်တော်၏ ပျင်းရိငြီးငွေ့မှုများသည် ဆိတ်တို့၏ နှောင့်ယှက်မှုကြောင့် ပျက်ပြားခဲ့ရပါသည်။

ကျွန်တော် ဆိတ်ကျောင်းသားဖြစ်လာခဲ့သည့် ပထမ သီတင်းပတ်များ

mgyoe.com

mgyoe.com

အတွင်းမှာပင် မျက်စိလည်လမ်းမှားကာ ခြေဦးတည့်ရာသို့ စွတ်သွားနေသော ဆိတ်တစ်ကောင်နောက်လိုက်ရင်း ချောင်းထဲသို့ လိမ့်ကျခဲ့ရ၏။ ဆိတ်မှာလည်း သေဆုံးသွားခဲ့သည်။ ကျွန်တော်မှာလည်း ဦးခေါင်းတွင် ဒဏ်ရာရခဲ့သည်။ အညှာအတာကင်းမဲ့စွာ အရိုက်ခံခဲ့ရသဖြင့် မိဘများနှင့်ဝေးရာသို့ ထွက်ပြေးခဲ့သည်။ ကျွန်တော့်အား လိုက်လံရှာဖွေပြီး အိမ်သို့ပြန်ခေါ်လာခဲ့သည်။ တစ်လမ်းလုံး ဆူပူကြိမ်းမောင်းခြင်းကို ခံခဲ့ရသည်။

ယင်းစွန့်စားခန်းများသည် ကျွန်တော်၏ပထမဆုံးနှင့် နောက်ဆုံး စွန့်စားခန်းများဖြစ်ဖို့ သင့်ပါသည်။ အကယ်၍သာ ထိုအတိုင်းဖြစ်ခဲ့ပါက ဤစာအုပ်ကို ရေးဖြစ်မည်မဟုတ်ပါ။ ခြောက်ခြားလှစွာသော စမ်းသပ်မှုများနှင့် မိုက်မဲမှုများမှလည်း လွတ်မြောက်ဖွယ်ရာ ရှိပါသည်။ ကျွန်တော့်အနေဖြင့် နမဝမ်းကွဲတစ်ဦးနှင့် လက်ထပ်ကာ နောက်ဆုံးတွင် ရေခဲမြစ်တစ်ခု၏အစွန်း၌ ရေခဲပြီးသေရမည်သာ ဖြစ်ပါသည်။ ကျွန်တော့်အတွက် မကောင်းသောအလားအလာများနှင့်သာ ရင်ဆိုင်ရဖို့ရှိ၏။ သို့သော်လည်း ဖြစ်လာသမျှအရာများသည် တစ်မျိုးတစ်ဖုံ ဖြစ်လာခဲ့သည်။ ဖြစ်မလာသည့်အရာများနှင့် ဖြစ်လာသည့်အရာများကို နှိုင်းယှဉ်၍မရနိုင်ပါ။

ကျွန်တော့်အဖေသည် အခါအားလျော်စွာ ဝဲလ်စဒေါ့ဖ်ဘုန်းကြီးကျောင်းသို့သွား၍ အသေးအဖွဲလုပ်ငန်းများ လုပ်လေ့ရှိသည်။ တစ်ခါသော်သူဖျားနေသဖြင့် သူမလာနိုင်ကြောင်းကို ဘုန်းကြီးကျောင်းသို့ အကြောင်းကြားခိုင်းသည်။ ကျွန်တော်သည် အဖေခိုင်းသည့်အတိုင်း လုပ်ရမည့်အစားမင်တံတစ်ချောင်းနှင့် စက္ကူတစ်ရွက်ကို အိမ်နီးနားချင်းတစ်ယောက်ထံမှ ငှား၍ အဖေမလာနိုင်ကြောင်း ဖရိုင်ယာဘုန်းကြီးများထံ စာတစ်စောင်ရေးခဲ့သည်။ ထိုစာကို မိန်းမတစ်ယောက်အား ဘုန်းတော်ကြီးကျောင်းသို့ ပေးခိုင်းပြီး ကျွန်တော်ကတော့ တောင်တန်းများကြား၌ တစ်ယောက်တည်း လှည့်လည်သွားလာနေခဲ့ပါသည်။

နောက်သီတင်းပတ်အတွင်း တစ်ရက်တွင် ကျွန်တော်သည် အပြင်မှ အိမ်သို့ပြန်ရောက်လာသည်။ ထိုအခါ သူ့ထံသို့ စာတစ်စောင်ရေးခဲ့သည့်လူအား တွေ့လိုသည့် ဘုန်းကြီးတစ်ပါးသည် အိမ်မှာစောင့်နေသည်ကို တွေ့ရသည်။ တစ်ခုခုတော့ဖြစ်တော့မည်ဟု ကျွန်တော်ထင်မိ၏။ သို့သော်

mgyoe.com

mgyoe.com


လည်း ဘုန်းကြီးသည် ကျွန်တော် စာရေးကောင်းပုံကို များစွာချီးမွမ်းထော မနာပြုသည်။ ကျွန်တော့်အား သူကိုယ်တိုင်စာသင်ပေးလိုသဖြင့် ခွင့်ပြုပါ ဟု ကျွန်တော့်အဖေအား မေတ္တာရပ်ခံသည်။ ထိုစဉ်က အိမ်တွင်ရောက် နေသော ဦးလေးကွန်ရက်ကိုလည်း သဘောထားအမြင်ကို ပွင့်ပွင့်လင်း လင်း ပြောပြရန် တောင်းပန်သည်။ ကျွန်တော့်ဦးလေးကလည်း ကျွန်တော့် အား စာပေပညာကို ဆက်လက်သင်ကြားစေလိုကြောင်း ပြောသည်။ ဤ သို့ဖြင့် ကျွန်တော်သည် နောက်ဆုံးတွင် စာပေပညာသင်ယူသူတစ်ဦး ဖြစ် လာသည်။ ကျွန်တော်၏အနာဂတ်ဘဝသည် မီးခံမီးဖိုနှင့် ရွက်လှေစသော ပစ္စည်းများ တီထွင်ခြင်းဖြင့် ထင်ရှားကျော်ကြားခဲ့သည့် ကျွန်တော့်ဦးလေး နှင့် တစ်ပြေးညီဖြစ်ကာ ပခုံးချင်းယှဉ်လာနိုင်ခဲ့လေသည်။

ကျွန်တော်သင်ကြားရမည့် ဘာသာရပ်များတွင် လက်တင်ဘာသာ သမ္မာကျမ်းစာ၊ ရူက္ခဗေဒနှင့် ပထဝီဘာသာရပ်များ ပါဝင်သည်။ ဘာသာ ရပ်အားလုံးမှာ အသစ်အဆန်းတွေချည်းဖြစ်သဖြင့် ကျွန်တော့်အတွက်တော့ သင်ယူရသည်မှာ ပျော်စရာကောင်းနေသည်။ သို့သော်လည်း ကျွန်တော် သည် ယင်းဘာသာရပ်များကို သင်ကြားနေရသည့်အတွက် အိမ်၌နစ်နာဆုံး ရှုံးမှုများ ဖြစ်ခဲ့ရသည်ကိုလည်းကောင်း၊ မိမိ၏သာယာပျော်ရွှင်မှုများလက် လွတ်ဆုံးရှုံးခဲ့ရသည်ကိုလည်းကောင်း မသိခဲ့၊ နားမလည်ခဲ့ပါ။ အမှန်တော့ ကျွန်တော့်အနေဖြင့် စာတွေ ဘယ်လောက်ပဲ တတ်မြောက်စေကာမူ ကျွန်တော့်အား အဖေက မြေယာအလုပ်သမားတစ်ယောက် ဖြစ်လာအောင် လုပ်ပေးနိုင်ဖွယ်ရာ ရှိပါသည်။

ကျွန်တော့်ဆရာ ဘုန်းတော်ကြီးသည် အလွန်လိမ္မာပါးနပ်သောပုဂ္ဂိုလ် ဖြစ်ပါသည်။ သူသည် ကျွန်တော့်စိတ်နေသဘောထားကို နှိုက်နှိုက်ချွတ် ချွတ်သိအောင် လေ့လာထားသူဖြစ်သည်။ ကျွန်တော်၏ အပျင်းထူမှု၊ ကျွန်တော် စိတ်ဝင်စားတတ်သည့်အရာနှင့် ကျွန်တော့်တွင်ရှိနေသည့် ဒုစရိုက် စိတ် စသည်များကို ကောင်းစွာသိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် အခါအခွင့်ပေါ်လာလျှင် ပေါ်လာသလို အလုပ်ကိုရှောင်တတ်သူ ဖြစ်သည်။ အများအားဖြင့် ကျွန်တော်သည် တောင်တန်းများပေါ်သို့သွားသည်။ ရောက်နိုင် သရောက်သည့်အခါ ရောက်သည်။ တစ်ခါတစ်ရံတွင် တောင်ခါးပန်း

mgyoe.com

mgyoe.com

တစ်နေရာ၌ ပုန်း၍ အိပ်သည်။ စာဖတ်သည့်အခါ ဖတ်၍ စိတ်ကူးယဉ် အိပ်မက် မက်သည့်အခါ မက်နေလေ့ရှိသော်လည်း အလဟဿ အချိန်ဖြုန်း သည့်အခါလည်း ဖြုန်းနေတတ်သည်။ ကျွန်တော်၏ အကျင့်စရိုက်များကို သိနားလည်လာသည့်အခါ အဖေသည် ကျွန်တော့်အား ဆောမဲ့ပေးထားပါ တော့သည်။

ကျွန်တော့်မိဘများအကြောင်းကို ပြောပြဖို့အချိန်တန်ပြီဟု ထင်ပါ သည်။ ကျွန်တော့်အမေသည် သူ့ခေတ်၊ သူ့အခါကတော့ မိန်းမချောတစ် ယောက်အဖြစ် ထင်ရှားခဲ့သူဖြစ်သည်။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့် ရောင့်ရောင့်နှင့် ဆွဲဆောင်မှုရှိသူ ဖြစ်သည်။ နက်မှောင်သော မျက်လုံးအစုံ သည် အသက်ကြီးလာချိန်အထိ အလှဆုံးဖြစ်လျက်ပင် ရှိသည်။ အမေသည် အရပ်မြင့်သည်။ သန့်စွမ်းကြံ့ခိုင်သည်။ အလုပ်ကို ပင်ပင်ပန်းပန်းလုပ်နိုင် သည်။ စကားနည်း၍ အေးအေးဆေးဆေးနေတတ်သည်။

အမေသည် အဖေ့လောက်ပင် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သည်။ ခန္ဓာကိုယ်ကျတော့ အဖေ့ထက် ကြီးမားထွားကျိုင်းသည်။ သို့သော်လည်း အမေသည် အိမ်ထောင်ဦးစီးနေရာကိုမယူပါ။ ထိုနေရာကို အဖေ့အား လုံးဝ လွှဲအပ်ထားသည်။ အဖေခန္ဓာကိုယ်သည် မကြီးမသေး သာမန်အဆင့်မှာ ပင် ရှိသည်။ ခြေတံ၊ လက်တံများသည် သေးသွယ်သော်လည်း ခေါင်းက တော့ မာသည်။ မျက်နှာသည် လူချောတစ်ယောက်ဖြစ်ကြောင်း ဖော်ပြ နေသည်။ နဖူးတွင် ပီပြင်ထင်ရှားသည့် အရေးအကြောင်းများ ရှိသည်။ သူ မျက်မှောင်ကြုတ်လိုက်သည့်အခါများတွင် သူ့မျက်နှာသည် သုန်သုန် မှုန်မှုန် ဖြစ်လာသည်။ တစ်ခါတစ်ရံတွင် သူ့မျက်နှာထားသည် အရေး အလွန်ကြီးသော ကိစ္စတစ်ခုခုကို မရမနေ ပြန်လည်စဉ်းစားနေသည့်နှယ် ရှိ၏။

အကယ်၍ သတိထားပြီး လေ့လာမည်ဆိုပါက ဝမ်းတွင်းပါလိုဖြစ်နေ သည့် အဖေ့မျက်နှာပေါ်မှ စိတ်လက်မကြည်မလင်၊ မရွှင်လန်းမှုကို သိနိုင် ဖွယ်ရာရှိသည်။ သို့သော်လည်း မည်သူမှ ထိုအားနည်းချက်ကို သတိ မထားမိကြပါ။ ယင်းသို့ဖြစ်ရသည်မှာ ကျွန်တော်တို့ ရွာသူ၊ ရွာသားအား လုံးနီးပါးသည် အချိန်ကာလရှည်လျားသော ဆောင်းရာသီများနှင့်ကြုံခဲ့ကြ

mgyoe.com


ရသူများ ဖြစ်သည်။ ယင်းရာသီနှင့်ပါလာသည် ဘေးဒုက္ခအများအပြားနှင့် ရင်ဆိုင်ကာ ရုန်းကန်လှုပ်ရှားနေကြရသူများလည်း ဖြစ်၏။ ပြီးတော့ ပြင်ပ ကမ္ဘာလောကနှင့် ကင်းကွာပြီး အထီးကျန်နေကြရသူများလည်း ဖြစ်၏။ ယင်းအချက်များကြောင့်လည်း တစ်ရွာလုံးရှိ လူများ၏မျက်နှာများသည် ကျွန်တော့်အဖေမျက်နှာကဲ့သို့ပင် စိတ်လက်မကြည်မလင်၊ မရွှင်လန်းမှုများ ဖော်ပြနေကြခြင်း ဖြစ်လေသည်။

ကျွန်တော်သည် စိတ်နေသဘောထားနှင့် ပတ်သက်၍ အဓိကကျသော အကျင့်စရိုက်များကို မိဘနှစ်ပါးစလုံးထံမှ အမွေဆက်ခံခဲ့သူ ဖြစ်၏။ ကျွန် တော်သည် ကျွန်တော့်အမေထံမှ ရက်ကြောက်တတ်သောစိတ်၊ ဉာဏ် အမြော်အမြင်ရှိမှု၊ ဘုရားသခင်အား ယုံကြည်ခြင်း၊ တည်ငြိမ်အေးဆေး၍ စကားနည်းခြင်း စသောအကျင့်စရိုက်များကို ဆက်ခံရရှိခဲ့သည်။ ကျွန်တော့် အဖေထံမှ ခိုင်မာပြတ်သားသော ဆုံးဖြတ်ချက်များချမှတ်ရန် မဝံ့မရဲဖြစ် ခြင်း၊ ငွေကြေးစုဆောင်းနိုင်စွမ်း မရှိခြင်းနှင့် အရက်ကို လိုသည်ထက်ပို၍ သောက်ခြင်းစသော အကျင့်စရိုက်များကို ရရှိခဲ့ပါသည်။ ရုပ်ရည်ကိုကြည့် မည်ဆိုပါက ကျွန်တော်သည် ကျွန်တော့်အဖေ၏ မျက်လုံးအစုံနှင့် ပါးစပ် ကို ရရှိပိုင်ဆိုင်ထားသူ ဖြစ်သည်။ ဖြည်းဖြည်းနှင့် နေးနေးလေးလေး လှမ်းလျှောက်တတ်သည့်အကျင့်မှာ အမေ့ထံမှရရှိခဲ့ခြင်းပင်။ ကျွန်တော့် ခန္ဓာကိုယ်သည် အမေနှင့်တူပါသည်။ တုတ်တုတ်ခိုင်ခိုင်နှင့် အားကောင်း မောင်းသန် ရှိလှပါသည်။

ကျွန်တော့်အဖေနှင့် ကျွန်တော်တို့ ရွာသူရွာသားများထံမှ ရယူထား သည့် အကျင့်စရိုက်နှင့် စိတ်နေစိတ်ဓာတ်များသည် ကျွန်တော့်တွင်ရှိပါ သည်။ ကျွန်တော်သည် သူတို့လိုပင် လယ်သမားတစ်ယောက်၏ လိမ္မာ ပါးနပ်မှုကို ပိုင်ဆိုင်သည်။ သူတို့လိုပင် စိတ်လက်မကြည်မလင်ဖြစ်မှုနှင့် စိတ်ဓာတ်ကျလွယ်မှုများလည်း ရှိသည်။ ကျွန်တော်သည် ကျွန်တော့်ဇာတိ ရွာနှင့် အလွန်ကွာဝေးသော အရပ်ဒေသများ၌ နှစ်ပေါင်းများစွာ နေခဲ့ရဖူး သည်။ ထိုကာလအတွင်း ကျွန်တော်သည် လူစိမ်းသူစိမ်းများနှင့်သာ မက နိုင်ငံခြားသားအများအပြားနှင့်ပါ နေထိုင်ဆက်ဆံခဲ့ဖူးပါသည်။ ကျွန်တော့် အနေဖြင့် စိတ်ဓာတ်ကြံ့ခိုင်စွာနှင့် ပျော်ပျော်ပါးပါးနေတတ်ခြင်း၊ အရာရာ

mgyoe.com

mgyoe.com


ကို အလေးအနက်မထားဘဲ အပူအပင် အကြောင့်အကြ ကင်းမဲ့စွာဖြင့် ပေါ့ပေါ့ပါးပါးနေတတ်ခြင်းစသော အကျင့်စရိုက်များကို ရတန်သရွေ့ရရှိခဲ့ပါသည်။

ကျွန်တော်သည် ယင်းစိတ်နေစိတ်ထားနှင့် အကျင့်စရိုက်များကို ရင်ဝယ်ပိုက်ကာ အဝတ်အစားအသစ်တစ်စုံနှင့်အတူ ဘဝထဲသို့ ဝင်ရောက်ရမည့်ခရီးကို စတင်ခဲ့သည်။ မိဘများက ပေးအပ်လိုက်သော လက်ဆောင်များသည် ကျွန်တော့်အား ကိုယ့်ဘဝကိုယ် ကောင်းစွာရပ်တည်နိုင်သည့် အခြေအနေကို ပေးခဲ့သည်။ ယခုလို ကမ္ဘာလောကကြီးအတွင်းသို့ ဝင်ရောက်ခဲ့သည့်အခါတွင်လည်း ကိုယ့်ခြေထောက်ပေါ်ကိုယ် ရပ်တည်နိုင်စွမ်းရှိခဲ့၏။ သို့တစေလည်း ကျွန်တော့်တွင် တစ်ခုခုတော့ လိုနေပါသေးသည်။ ယင်းမှာ အထွေထွေဗဟုသုတနည်းသေးခြင်းနှင့် အတွေ့အကြုံမရင့်ကျက်သေးခြင်း စသည်တို့ဖြစ်သည်။

ကျွန်တော့်တွင် အတွေ့အကြုံတချို့ကတော့ ရှိနေပြီဖြစ်သည်။ ယနေ့အချိန်ထိ ကျွန်တော်သည် တောင်ကြီးတစ်တောင်ကို အောင်မြင်စွာ တက်နိုင်သည်။ တစ်ချီတည်း မရပ်မနားဘဲနှင့် ဆယ်နာရီတိတိ လမ်းလျှောက်နိုင်သည်။ လှေကို နိုင်နင်းစွာ လှော်နိုင်သည်။ လိုအပ်ပါက ကျွန်တော့်လက်နှစ်ဖက်နှင့် လက်နက်ကိုအသုံးမပြုဘဲ လူတစ်ယောက်ကို သတ်နိုင်သည်။ သို့သော်လည်း နေမှုထိုင်မှုအနုပညာကျတော့ ကျွန်တော် မတတ်သေးပါ။

ကျွန်တော်ငယ်စဉ်ဘဝက မြေကြီးနှင့် ထိတွေ့ဆက်ဆံခဲ့ရခြင်း၊ ထိုမြေပေါ်ရှိ သစ်ပင်ပန်းမန်များ၊ တိရစ္ဆာန်များနှင့် ထိတွေ့ဆက်ဆံခဲ့ရခြင်းစသည်တို့မှာ ကျွန်တော့်ရင်ထဲတွင် ဖူးပွင့်နေဆဲ ဖြစ်သည်။ သို့သော်လည်း ယင်းဆက်ဆံမှုများသည် တိရစ္ဆာန်တစ်ကောင်၏ ဘဝတည်ရှိမှုမျှလောက်သာ ရှိသည်ကို ကျွန်တော် နားလည်သိရှိခဲ့ရ၏။ တစ်ခါတစ်ရံ ကျွန်တော့်စိတ်ထဲတွင် ကျွန်တော်သည် ပင်လယ်ကမ်းခြေ၌လဲလျောင်းနေသည့် သတ္တဝါတစ်ကောင် ဖြစ်နေသည်။ အများအားဖြင့် ဖျံတစ်ကောင်ဖြစ်နေပါသည်။

ကျွန်တော်သည် အဆောင်ခနှင့် ပညာသင်စရိတ်မပေးရဘဲ သဒ္ဒါ

mgyoe.com

mgyoe.com


ကျောင်းတစ်ကျောင်း၌ ပညာသင်ကြားခွင့်ရခဲ့သည်။ ကျွန်တော်၏ ကျောင်းသားဘဝသည် ရန်ပွဲများနှင့် သင်ခန်းစာများကြား၌ ကြီးပြင်းခဲ့ရသူ ဖြစ်သည်။ အများအားဖြင့် အိမ်ကို သတိရလွမ်းဆွတ်သောစိတ်၊ အနာဂတ်အတွက်တိုးတက်လိုသောစိတ်တို့ဖြင့် ကြီးပြင်းလာခဲ့ရခြင်း ဖြစ်သည်။ သို့သော်လည်း ကျွန်တော်၏ အပျင်းထူမှုသည် ဤနေရာတွင် အနှောင့်အယှက်၊ အဖျက်အဆီးတစ်ခုအဖြစ် ရပ်တည်လာခဲ့၏။ ကျွန်တော့်ကို အပြစ်ဒဏ်အမျိုးမျိုး ချမှတ်ခြင်း ခံခဲ့ရ၏။

'ပီတာကာမင်ဇင်း၊ မင်းဟာ အတော့်ကိုခေါင်းမာတဲ့ကောင်ပဲ' ဟု ကျွန်တော်၏ ဂရိဘာသာသင်ဆရာက ပြောသည်။ 'မင်းဟာ တစ်ယောက်တည်းနေရတာကိုကြိုက်တဲ့ တစ်သီးပုဂ္ဂလသမားတစ်ယောက်ပဲ။ အုတ်နံရံကြီးကို ခေါင်းနဲ့ပြေးဆောင့်တဲ့လူနဲ့ တူနေပြီ'

ကျွန်တော်သည် ဝဝဖိုင့်ဖိုင့်နှင့် မျက်မှန်ထူထူကြီးတပ်ထားသော သူ့ကိုကြည့်ကာ သူ့စကားကို နားထောင်သည်။ ဤစကားကို ပြောနေရသည့်အတွက် သူသည် များစွာကျေနပ်အားရနေသည့်လက္ခဏာ ရှိပါသည်။

'ပီတာကာမင်ဇင်း၊ မင်းဟာ အလဟဿ အချိန်ဖြုန်းတဲ့အလုပ်မှာ ပါရမီထူးတဲ့လူပဲ' ဟု သင်္ချာဆရာကမှတ်ချက်ချသည်။ 'ငါ စိတ်မကောင်းတာက မင်းရတဲ့အမှတ်ဟာ သုညအောက် ရောက်နေတယ်။ ဒီနေ့ မင်းတွက်ထားတဲ့ သင်္ချာတွေဟာ အနုတ်နှစ်ခွဲရနေတယ်' ကျွန်တော်သည် သူ့အား စူးစိုက်ကြည့်နေမိသည်။ သူသည် မျက်စိစွေသူဖြစ်၍ စာသင်ရာတွင် အလွန်ပျင်းစရာကောင်းသည့်ဆရာတစ်ယောက် ဖြစ်ပါသည်။

'ပီတာကာမင်ဇင်း၊ မင်းဟာ စာပေပညာသင်ယူတဲ့ တပည့်တစ်ယောက်အနေနဲ့ကတော့ အညံ့ဆုံးပဲ' ဟု သမိုင်းဆရာက ဆိုသည်။ 'ဒါပေမဲ့ မင်းဟာ အင်မတန်တော်တဲ့ သမိုင်းပညာရှင်တစ်ဦးတော့ ဖြစ်နိုင်တယ်။ မင်းဟာ တော်တော်ပျင်းတဲ့ကောင်ပဲ။ ဒါပေမဲ့ မင်းဟာ ကြီးကျယ်တဲ့အရာတွေနဲ့ အသေးအဖွဲတွေရဲ့ ခြားနားမှုကို သိတယ်'

သို့သော်လည်း သူထောက်ပြလိုက်သည့် ထိုအရည်အသွေးသည် ကျွန်တော့်အတွက် အထူးတလည် အရေးပါ အရာရောက်သည်ဟု မထင်မိခဲ့ပါ။ ထိုအချိန်ထိ ကျွန်တော်သည် ဆရာများအား လေးစားသင့်သည့်ပုဂ္ဂိုလ်

mgyoe.com


များအဖြစ် အသိအမှတ်ပြုထားဆဲ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်အနေဖြင့် သူတို့အား ဗဟုသုတဘက်၌ စွယ်စုံပြည့်ဝနေသူများဟု တွေးထင်သတ်မှတ်ထားသည် မဟုတ်ပါလား။ ထိုစဉ်က ကျွန်တော်သည် ဗဟုသုတနှင့် ပတ်သက်၍ ရေရေရာရာ နားလည်ခြင်းမရှိရုံမျှမက အနက်အဓိပ္ပာယ်ကိုပင် ဖော်၍မရသောအရာတစ်ခု ဖြစ်နေပါသည်။

ဆရာအားလုံးက ကျွန်တော်၏ ပျင်းရိမှုအကြောင်းကို အဓိကထား၍ ပြောနေကြသော်လည်း ကျွန်တော်သည် အတန်းထဲတွင် တိုးတက်မှုရှိခဲ့ပါသည်။ အတန်းထဲရှိ ကျောင်းသား တစ်ဝက်ကျော်ကျော်၏အပေါ်သို့ ကျော်လွှား ရောက်ရှိသွားခဲ့ပါသည်။ ထိုအခါ ကျောင်းနှင့် ကျောင်းတွင်းဗဟုသုတဆိုသည်မှာ ဖြစ်ကတတ်ဆန်းလုပ်ထားသည့် မပြည့်စုံ၊ မလုံလောက်သော အရာမျှသာဖြစ်သည်ဟု ကျွန်တော် သဘောပေါက်လာသည်။ သို့သော်လည်း ကျွန်တော်သည် အချိန်ကိုတော့စောင့်ရပါသည်။ ကိုယ်သဘောပေါက်ထားသည့်အတိုင်း ထုတ်ဖော်ပြော၍ မဖြစ်နိုင်သေးပါ။

အမှန်တော့ ကျွန်တော်သည် အသိဉာဏ်ဗဟုသုတနှင့် ပတ်သက်၍ စစ်မှန်သော၊ သန့်စင်သော၊ ဒွိဟသံသယဖြစ်စရာမလိုသော အသိဉာဏ်ပညာဗဟုသုတကို ကျွန်တော့်တွင်ရှိနေသည့် ဉာဏ်ဖြင့် ရှင်းရှင်းလင်းလင်းမြင်နေပါသည်။ သူတို့ပြောနေကြသည့် အသိဉာဏ်ပညာ ဗဟုသုတဆိုသည်မှာ ယာယီမျှသာ တည်တံ့ခိုင်မြဲသောသဘောရှိ၍ အနှစ်သာရကင်းမဲ့သည်ဟု ကျွန်တော် ယူဆပါသည်။ သူတို့ပြောနေသည့် အသိဉာဏ်ဗဟုသုတ၏ နောက်ကွယ်တွင် စစ်မှန်သော အသိဉာဏ် ဗဟုသုတသည် ရှိနေသည်ဟု ကျွန်တော်ထင်ပါသည်။

မည်သို့ပင်ဖြစ်စေ တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် သူတို့ပြောနေကြသည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတနယ်ပယ်အတွင်း၌ တစ်စုံတစ်ခုသော အရာကိုတော့ ရှာဖွေတွေ့ရှိနိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။ အထူးသဖြင့် စိတ်ညစ်၊ စိတ်ပျက်ဖွယ်ကောင်းလောက်အောင် ရှုပ်ထွေးပွေလီမ်နေသည့် သမိုင်းဘာသာရပ်နှင့် လူမျိုးအချင်းချင်းတိုက်ခိုက်နေကြသော စစ်ပွဲများကြား၌ ကျွန်တော်သိလိုသောအရာကို ရှာဖွေတွေ့ရှိဖွယ်ရာ ရှိပါသည်။ သို့သော်လည်း လောလောဆယ်မှာကတော့ ကျွန်တော့်ရင်ထဲ၌ အလွန်ပြင်း

mgyoe.com

mgyoe.com


ပြသော အလိုဆန္ဒတစ်ခု ရှိနေသည်။ ယင်းမှာ အခြားမဟုတ်။ ကျွန်တော့် အတွက် သူငယ်ချင်းတစ်ယောက်လိုရလိုခြင်းပင် ဖြစ်ပါသည်။

ကျောင်းသားထဲတွင် တည်တည်ခန့်ခန့်နေတတ်သော ဆံပင်ညိုညို နှင့် ကျောင်းသားတစ်ယောက် ရှိသည်။ ကျွန်တော့်ထက် အသက်နှစ်နှစ် ခန့်ကြီးသည်။ သူ့နာမည်က ကက်စပါဟော်ရီ ဖြစ်ပါသည်။ သူသည် သူ့ကိုယ်သူအလွန်ယုံကြည်ဟန်ရှိ၏။ သူသည် ဦးခေါင်းကို အမြဲမော်ထား လေ့ရှိပြီး စိတ်နေစိတ်ဓာတ် ကြံ့ခိုင်တည်ကြည်သည့်အမူအရာ ရှိသည်။ သူသည် အပေါင်းအသင်းများနှင့်လည်း စကားများများပြောလေ့ မရှိပါ။

ကျွန်တော်သည် သူနှင့် မိတ်ဆွေဖြစ်လိုသောဆန္ဒ ပြင်းပြနေသည်မှာ လပေါင်းများစွာ ကြာခဲ့ပြီ။ ကျွန်တော်သည် သူသွားရာနောက်သို့ တ ကောက်ကောက်လိုက်ကာ သူ့ထံမှအသိအမှတ်ပြုမှုကို များစွာမျှော်လင့် တောင့်တခဲ့သည်။ လမ်းပေါ်၌ သူ့အားနှုတ်ဆက်သူများနှင့် သူဝင်ရောက် သွားပြီး ပြန်ထွက်လာသည့်အိမ်များအပေါ်၌ မကြိုက်ချင်သလိုလို ဖြစ်မိ သည်။ သို့သော်လည်း ကျွန်တော်သည် သူ့ထက်နှစ်တန်းငယ်သူဖြစ်သဖြင့် သူ့အနေဖြင့် ကျွန်တော့်အား အဖက်မတန်ဟူသောသဘောထား ရှိချင် လည်းရှိပါလိမ့်မည်။ သူနှင့် ကျွန်တော့်ကြားတွင် စကားဟူ၍တစ်ခွန်းမှ မပြောဖူးခဲ့ပါ။

ကျွန်တော်သည် သူနှင့်မိတ်ဆွေဖြစ်ရမည့်အစား စိတ်ထဲကလုံးဝမပါ ဘဲနှင့် ကောင်လေးတစ်ယောက်နဲ့ သိကျွမ်းခဲ့ရသည်။

ကောင်လေးမှာ ပိန်လှီသေးကွေးလှသည်။ ချည့်နဲ့ချူချာလှပြီး ကျန်း မာရေး ကောင်းပုံမရပါ။ သူက ကျွန်တော့်အား လာ၍ချဉ်းကပ်ခဲ့ခြင်းဖြစ် ၏။ သူသည် ကျွန်တော့်ထက်ငယ်၍ ကြောက်တတ်သောစိတ် ရှိသည်။ ဉာဏ်လည်း သိပ်မကောင်းပါ။ သူ့မျက်လုံးများသည် လှပပြီး ခံစားတတ် သည့် အရိပ်အငွေ့များ ယှက်သန်းနေသည်။ သူသည် အားအင်အလွန်ချည့် နဲ့ပြီး အလွန်ပိန်လှသည်ဖြစ်ရာ သူ့အတန်းထဲတွင် အာလုံးကအနိုင်ကျင့် ခြင်းကို ခံနေရသည်။ သူသည် ကျွန်တော်၏ ထွားကျိုင်းသန်မာမှုကို မြင် သဖြင့် သူ့အတွက် အကာအကွယ်ရစေရန် ကျွန်တော့်အားမိတ်ဆွေဖွဲ့ခဲ့ ခြင်း ဖြစ်ပါသည်။ မကြာခင်မှာပင် သူသည် ချို့တဲ့လွန်းသော ကျန်းမာရေးကြောင့်

mgyoe.com

mgyoe.com


ကျောင်းမတက်နိုင်တော့ပါ။ ကျွန်တော် သူ့ကို သတိမရပါ။ ချက်ချင်းပင် မေ့သွားသည်။

ထို့နောက် ကျွန်တော်တို့အတန်းထဲမှ ဆံပင်လုလု ကျောင်းသားတစ်ယောက်နှင့် သူငယ်ချင်းဖြစ်ခဲ့ပြန်သည်။ သူသည် အတန်းထဲတွင် အာပေါင်အာရင်းသန်သန်နှင့် ဆူဆူညံညံလုပ်တတ်သူ ဖြစ်သည်။ သူသည် အဘက်ဘက်တွင် စွယ်စုံရသူဖြစ်သည်။ အတီးအမှုတ်လည်း ရသည်။ ပြောင်ချော်ချော်လုပ်ရာ၌လည်း ထူးချွန်သူဖြစ်၏။ လူပြက်တစ်ယောက်လို လုပ်ရာ၌လည်း အလွန်တော်သူဖြစ်သည်။ သူသည် အစဉ်အမြဲဆိုသလို ကျွန်တော့်ထက်သာကြောင်းကို တစ်နည်းမဟုတ် တစ်နည်းနည်းဖြင့် ဖော်ပြလေ့ရှိသည်။

ကျွန်တော်သည် သူနှင့်တွဲ၍ စာဖတ်သည့်အခါ ဖတ်သည်။ သူ့အတွက် ဂရိဘာသာသင်ခန်းစာများကို ကျွန်တော်ကလုပ်ပေး၍သူက ကျွန်တော့်အတွက် သင်္ချာပုစ္ဆာများကို တွက်ပေးသည်။ ကျွန်တော်တို့သည် မကြာခဏ လမ်းလျှောက်ထွက်လေ့ရှိရာ လမ်းလျှောက်ထွက်တိုင်း တစ်လမ်းလုံး သူကချည်း ဒိုင်ခံစကားပြောသည်။ ကျွန်တော်က သူပြောသမျှကို နားထောင်ပြီး ရယ်သည်။ သူ့လို လူပျော်သူငယ်ချင်းတစ်ယောက်ရသည့် အတွက် ဝမ်းသာမိသည်။

တစ်ရက်သောနေ့ခင်းတွင် ကျွန်တော်သည် မမျှော်လင့်ဘဲ ထိုသူငယ်ချင်းနှင့်ဆုံမိသည်။ သူသည် ကျောင်းဝရန်တာတွင် သူငယ်ချင်းတစ်စုနှင့် ရပ်နေခြင်းဖြစ်၏။ သူသည် ထုံးစံအတိုင်း ရယ်စရာများကို လုပ်ပြလျက်ရှိရာ ကျန်လူစုက တဝါးဝါး၊ တဟားဟား အော်ဟစ်ရယ်မောနေကြသည်။ သူသည် ဆရာတစ်ယောက်၏ဟန်အမူအရာကို လုပ်ပြနေခြင်းဖြစ်၏။ သူသည် ကျွန်တော့်ကိုမြင်လိုက်သည့်အခါ 'ဟိုကလာနေတာ ဘယ်သူပါလိမ့်' ဟုဟန်ပါပါ ရေရွတ်သည်။ ပြီးတော့ တစ်ဆက်တည်း ကဗျာဆရာကြီးဟိုးမား၏ကဗျာထဲမှ စာကြောင်းအချို့ကို ဖတ်သည်။ ကျွန်တော့်အသံနှင့်တူအောင်လုပ်၍ ဖတ်ပြနေခြင်းဖြစ်သည်။

သူလုပ်ပြနေသည်မှာ ကျွန်တော့်အသံအတိုင်းဖြစ်သည်။ ကျွန်တော်၏မပီမသလေသံနှင့် ကြောက်လန့်တုန်လှုပ်မှု အပြည့်ပါနေသည့် လေသံ

mgyoe.com

mgyoe.com


အတိုင်းဖြစ်သည်။ မျက်စိကို ပုတ်ခတ်ပုတ်ခတ်လုပ်နေပုံနှင့် ဘယ်ဘက်မျက်လုံးမှိတ်မှိတ်သွားပုံများမှာလည်း ကျွန်တော်စာဖတ်သည့်အခါတိုင်း လုပ်လေ့လုပ်ထရှိသည့် ပုံစံအတိုင်းပင်ဖြစ်သည်။ သူလုပ်ပြနေပုံမှာ ရယ်စရာကောင်းလှသော်လည်း ကျွန်တော့်အတွက်မှာမူ မခံချင်စရာဖြစ်နေသည်။ ရှက်စရာလည်းဖြစ်နေသည်။

သူ စာအုပ်ကိုပိတ်၍ လက်ခုပ်ဩဘာပေးနေသူများအား ဟန်ပါပါနှင့်ကြည့်နေခိုက်တွင် ကျွန်တော်သည် သူ့နောက်သို့သွားရပ်ကာ နားအုံကို လက်သီးနှင့်ပိတ်ထိုးလိုက်သည်။ ကျွန်တော်သည် စကားဖြင့်နိုင်အောင် ပြောတတ်သူမဟုတ်ပါ။ ထို့ကြောင့်လည်း သူ့အား လက်သီးနှင့်တုံ့ပြန်လိုက်ခြင်းဖြစ်၏။ လက်သီးနှင့်ထိုးပြီးနောက် မကြာခင်မှာပင် ကျောင်းတက်သည်။ စာသင်ခန်းထဲရောက်၍ စာသင်နေခိုက်တွင် ငိုသံကိုသတိပြုမိလိုက်သော ဆရာက ကျွန်တော့်သူငယ်ချင်းအား ခေါ်သည်။ နီရဲဖူးရောင်နေသော ဒဏ်ရာကိုကြည့်သည်။ ဤကျောင်းသားသည် သူချစ်သော တပည့်ဖြစ်သည် မဟုတ်ပါလား။

"မင်းကိုဘယ်သူထိုးလိုက်တာလဲ'

"ကာမင်ဇင်း'

'ကာမင်ဇင်း၊ ဒီကိုလာစမ်း၊ သူပြောတာ ဟုတ်သလား'

'ဟုတ်ပါတယ် ဆရာ'

'မင်းဘာဖြစ်လို့ သူ့ကိုထိုးရတာလဲ'

ဖြေသံပေါ်မလာ။

'မင်းအခုလို လက်သီးနဲ့ထိုးတာ ဘာကြောင့်လဲ။ အကြောင်းရှိသလား'

'မရှိဘူး ဆရာ'

ဤသို့ဖြင့် ကျွန်တော်သည် ပြင်းထန်စွာ အပြစ်ပေးခံရသည်။ အပြင်းအထန်ရိုက်နှက်မှုကို အလူးအလိမ့်ခံရခြင်းဖြစ်၏။ ကျွန်တော်သည် အာဇာနည်သူရဲကောင်းလည်းမဟုတ်၊ သူတော်စင်ပုဂ္ဂိုလ်လည်းမဟုတ်၊ ကျောင်းသားငယ်မျှသာဖြစ်သဖြင့် ထိုအပြစ်ဒဏ်အပေါ် မကျေနပ်ဖြစ်မိသည်။ ထို့ကြောင့်လည်း အရိုက်အနှက်ခံရပြီးနောက်ပိုင်းတွင် ရန်သူဘက်လှည့်၍ လျှာထုတ်ပြမိသည်။ ဆရာက ကျွန်တော့်လုပ်ပုံအတွက် စိတ်ဆိုးသည်။

mgyoe.com

mgyoe.com


'မင်းမရှက်ဘူးလား ကာမင်ဇင်း။ အခုလိုလုပ်တာ ဘာအဓိပ္ပာယ်လဲ'

'အဓိပ္ပာယ်က သူဟာ အလွန်ညစ်ပတ်တဲ့ ကြွက်စုတ်တစ်ကောင်မို့ ကျွန်တော်က စက်ဆုပ်တယ်လို့ပြောတာ။ ပြီးတော့ ဒီကောင်ဟာ သတ္တိမရှိတဲ့လူကြောက်'

ဤသို့ဖြင့် ကျွန်တော်နှင့်လူပြောင်လူနောက်တစ်ယောက်တို့၏ သူငယ်ချင်းဘဝသည် အဆုံးသတ်သွားခဲ့ရ၏။ သူ့တွင်လည်း နောက်ထပ် ကျွန်တော့်ကိုဆက်ခံသည့် သူငယ်ချင်းပေါ်မလာတော့ပါ။ နှစ်ပေါင်းများစွာ ကုန်လွန်ခဲ့ရသည့် ကျွန်တော်၏မြီးကောင်ပေါက်အရွယ်သည် သူငယ်ချင်း တစ်ယောက်မှမရှိဘဲ အချိန်ကုန်လွန်ခဲ့ရလေသည်။

နောက်ပိုင်းတွင် ဘဝနှင့်လူသားများအပေါ်၌ ထားရှိခဲ့သော ကျွန်တော့် အမြင်များသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပြောင်းလဲသွားခဲ့ သော်လည်း ထိုနေ့က ကျွန်တော်ထိုးခဲ့သည့် လက်သီးချက်ကို သတိရတိုင်း ကျေနပ်အားရသည့်စိတ် မဖြစ်ပေါ်ဘဲ မနေခဲ့ပါ။ ကျွန်တော်၏ဆံပင်လှလှ နှင့် သူငယ်ချင်းသည်လည်း ထိုလက်သီးချက်ကို မေ့သွားလိမ့်မည်မဟုတ် ဟု ကျွန်တော်ယုံကြည်လျက်ရှိပါသည်။

အသက်ဆယ့်ခုနစ်နှစ်အရွယ်တွင် ကျွန်တော်သည် ရှေ့နေတစ်ယောက် ၏သမီးနှင့်ချစ်ကြိုးသွယ်မိခဲ့၏။ သူမသည် မိန်းမချော၊ မိန်းမလှဖြစ်သည်။ ကျွန်တော့်ဘဝတစ်လျှောက်လုံး အချောဆုံး၊ အလှဆုံးဟုပြောနိုင်သည့် မိန်းမများနှင့်သာ ချစ်ကြိုးသွယ်ခဲ့မိသဖြင့် ကျွန်တော့်အဖို့ ဂုဏ်ယူစရာဖြစ် ခဲ့ရသည်။ ရှေ့နေသမီးနှင့် အခြားမိန်းမများအတွက် ကျွန်တော်ဝေဒနာခံ စားခဲ့ရသည်များကို နောက်ပိုင်းတွင် ပြန်လည်ပြောပြရပါဦးမည်။ ကျွန်တော် ပထမဆုံးချစ်ခဲ့ရသည့် ကျွန်တော့်ချစ်ဦးသူမှာ ရိုစီဂါတန်းနားဖြစ်သည်။ ယနေ့အချိန်ကာလနှင့်တွက်သည့်အခါ သူမသည် ကျွန်တော့်ထက်သာလွန် သော ယောကျ်ားများနှင့်ထိုက်တန်သည်ဟု ကျွန်တော်ထင်မိပါ၏။

ထိုအချိန်တုန်းက ယင်းအတွေးမျိုး ကျွန်တော့်ခေါင်းထဲသို့ ဝင်မလာခဲ့ ပါ။ လူငယ်ပီပီ ထက်သန်ပြင်းပြသော စွမ်းအင်နှင့် ဆန္ဒများသည် ကျွန်တော့် ကိုယ်အင်္ဂါအစိတ်အပိုင်းများအတွင်း၌ စီးဝင်ပျံ့နှံ့နေသည် မဟုတ်ပါလား။ ကျွန်တော်သည် ကျောင်းသားတစ်ယောက်အနေနှင့် ကျောင်းနေဖက်များနှင့်

mgyoe.com

mgyoe.com


အစဉ်သဖြင့် မရှောင်သာ၊ မလွှဲသာ ဆက်စပ်ပတ်သက်မှုများ အများအပြား ရှိခဲ့သည်။ ကျွန်တော်သည် အကောင်းဆုံးနပန်းသမား၊ အတော်ဆုံး ဘောလုံး ရိုက်သမား၊ အပြေးသမားနှင့် လှေသမားအဖြစ် ကျောင်းထဲတွင် နာမည်ကြီးခဲ့ သည်။ အမြဲတမ်းလိုလို စိတ်ဓာတ်ကျခြင်း၊ စိတ်လက်မကြည်မလင်ဖြစ်ခြင်း စသည့်အားနည်းချက်ရှိနေသည့်ကြားမှပင် နာမည်ကြီးနေရခြင်းဖြစ်၏။

ကျောင်းထဲ၌ နာမည်ကြီးနေခြင်းသည် ကျွန်တော်၏ချစ်ရေးချစ်ရာ ကိစ္စများနှင့် ဆက်စပ်ပတ်သက်မှုဟူ၍ အနည်းငယ်မျှသာရှိသည်။ မည်သို့ ပင်ဖြစ်စေ သဘာဝအားဖြင့် ကျွန်တော့်အား ကဗျာစာအုပ်လက်ဆောင်ပေး သော သူငယ်ချင်းတစ်ယောက် ပေါ်ပေါက်လာသည်။ ဟိန်းနေး၏ကဗျာ စာအုပ်ဖြစ်သည်။ ဈေးပေါပေါနှင့် ဝယ်၍ရသောစာအုပ်မျိုးဖြစ်၍ ကျွန်တော့် အားအပျင်းပြေဖတ်ရှုရန် ပေးခြင်းမျှသာဖြစ်သည်။

သို့သော်လည်း ထိုကဗျာစာအုပ်သည် ကျွန်တော့်အတွက် သာမန်ဖတ် ရုံမျှမဟုတ်ပါ။ ကျွန်တော့်နှလုံးသားသည် ကဗျာများကိုဖတ်ကာ ကဗျာ ဆရာနှင့်အတူ ခံစားမှုများကို ရရှိခံစားလာရသည်။ သူ့ကဗျာများကဲ့သို့သော ကဗျာများသည် ကျွန်တော့်နှလုံးသားအတွင်းမှ ယိုစိမ့်စီးထွက်လာနေကြ သည်။ ကျွန်တော်သည် သူ့ကဗျာများအပေါ်၌သာမက ကျွန်တော့်ကဗျာ များအပေါ်၌ပါ သာယာလာသည်။ ယစ်မူးလာသည်။ သို့သော်လည်း ထို အချိန်အထိ ကျွန်တော်သည် 'ဂန္ထဝင်စာပေ' အကြောင်းကို မသိသေး။ ယင်း စာပေ၏အရသာကိုလည်း မခံစားတတ်သေး။ ထို့နောက်တွင်မူ လီနော နှင့်ချီးလားတို့ရောက်လာသည်။ ထို့နောက် ဂဲထည်နှင့် ရှိတ်စပီးယားတို့ ဝင်လာသည်။ ရတ်တရက် စိတ်ကူးယဉ်စာပေသည် ကျွန်တော့်ဘဝနှင့် ဆက်စပ်ပတ်သက်လာသည်။

ကျွန်တော်သည် ထိုစာအုပ်များမှ ချိုမြိန်သောအရသာများကိုခံစားရ သည်။ သင်းပျံ့မွှေးကြိုင်သောရနံ့များကို ရှူရှိုက်ရသည်။ ဘဝတစ်ခု၏ ရှားပါးလှသောပတ်ဝန်းကျင်နှင့် ထိတွေ့လာခဲ့ရ၏။ ထိုဘဝသည် ဤကမ္ဘာ လောကကြီးအတွင်း၌ လက်ရှိဖြစ်နေသောအရာများနှင့် နီးစပ်ခြင်းမရှိ။ သို့သော်လည်း ယင်းဘဝသည် ကျွန်တော်၏ ထိခိုက်နာကျင်နေပြီဖြစ်သော နှလုံးသားကို သူ၏လှိုင်းတံပိုးများဖြင့် ရိုက်ခတ်သည်။ ကျွန်တော်သည်

mgyoe.com

mgyoe.com

ထိုဘဝ၏ကံကြမ္မာကို မျှဝေခံစားလိုသောဆန္ဒပြင်းပြခဲ့သည်။

ကျွန်တော်သည် စာအုပ်များကို အထပ်ခိုးပေါ်ရှိ ထောင့်တစ်ထောင့်၌ ဖတ်သည်။ ထိုနေရာသို့ အနီးအနားရှိမျှော်စင်မှ ခေါင်းလောင်းသံများသာ ရောက်ရောက်လာသည်။ အသိုက်လုပ်နေကြသော ငှက်တို့၏ တောင်ပံခတ်သံများနှင့် ကျီကျီကျာကျာအော်သံများသည် ကျွန်တော့်ဆီသို့ ပြေးပြေးလာတတ်သည်။ မည်သို့ပင်ဖြစ်စေ ဂဲထည်နှင့် ရှိတ်စပီးယားတို့၏ ဇာတ်ကောင်များသည် ကျွန်တော့်ထံ၌ ဝင်ပေါက်ရော ထွက်ပေါက်ပါလုပ်ထားသည်။ လူသားများ၏မြင့်မြတ်သောစိတ်၊ ယုတ်မာရိုင်းစိုင်းသော စိတ်နှင့် ပြက်ရယ်ပြုဖွယ်ကောင်းသောစိတ်များသည် ကျွန်တော့်ရှေ့မှောက်၌ ပေါ်ပေါက်လာနေကြသည်။

ကျွန်တော်တို့၏ ကွဲပြားနေသော၊ ထိန်းသိမ်းရခက်သော နှလုံးသား၏ပြဿနာများ၊ ကမ္ဘာ့သမိုင်း၏စစ်မှန်သောဖြစ်ရပ်များ၊ အံ့သြဖွယ်ကောင်းလှသည့်စိတ်ဓာတ်အင်အား၊ ထိုစိတ်ဓာတ်အင်အားက ထွန်းညှိပေးထားသဖြင့် အလင်းရောင်တောက်နေသည့် တိုတောင်းသောဘဝဖြစ်စဉ်၊ သိမြင်နားလည်မှုဟူသောစွမ်းအားကို အခြေပြု၍ ရပ်တည်နေသည့် ကျွန်တော်တို့၏ဘဝ စသည်စသည်များကို ကျွန်တော်သိရှိ နားလည်လာနေရပါသည်။

အထပ်ခိုးရှိ ကျဉ်းမြောင်းသော ပြတင်းပေါက်မှ ခေါင်းပြူပြီးကြည့်လိုက်ပါက အထပ်ခိုးခေါင်မိုးနှင့် လမ်းများထက်သို့ ဖြာဆင်းနေသည့် နေရောင်ကိုမြင်နေရ၏။ အလုပ်လုပ်သံများနှင့် လှုပ်ရှားသံများကို ကြားနေရ၏။ ကျွန်တော့်ရင်ထဲတွင် အထီးကျန်နိုင်စိတ်နှင့် ကျွန်တော့်အထပ်ခိုး၏ လျှို့ဝှက်ချက်ကို သိနားလည်စိတ်များ ဝင်ရောက်ငြိတွယ်နေသည်။ အတိတ်ကဖြစ်ရပ်များသည် ကျွန်တော့်အားဝန်းရံနေကြ၏။ လှပထူးဆန်းသော နတ်သမီးပုံပြင်တချို့က ဝန်းရံထားသည်နှင့်တူလှပါသည်။

တဖြည်းဖြည်းနှင့် ကျွန်တော်သည် စာအုပ်များကို ပို၍ပို၍ ဖတ်လာသည်။ ထိုအခါ အထပ်ခိုးထဲမှ မြင်တွေ့နေရသည့် အပြင်လောကမှ ခေါင်းမိုးများ၊ လမ်းများနှင့် နေ့စဉ်ဘဝလှုပ်ရှားမှုများသည် ကျွန်တော့်စိတ်ကို ထူးထူးခြားခြားလှုပ်ရှားလာစေခဲ့သည်။ စိတ်ထဲ၌ဖြစ်ပေါ်လာသည့် ခံစား

mgyoe.com

mgyoe.com


မှုသည် သံသယစိတ်များ၊ ဘဝင်မကျမှုများ၊ တွန့်ဆုတ်မှုများနှင့် ရောနှော ပေါင်းစပ်နေသည်။ ကျွန်တော်သည် စိတ်ကူးယဉ်သမားတစ်ယောက်လို ဖြစ်လာသည်။ ကျွန်တော့်ရှေ့မှောက်မှအရာများသည် ယင်းတို့၏အဖိုး ထိုက်၊ အဖိုးတန် အစိတ်အပိုင်းအချို့ကို အသုံးပြုနိုင်ရန် ကျွန်တော့်အား စောင့်မျှော် နေကြသည်ဟု ထင်လာသည်။ ကျွန်တော်၏ ကဗျာဖန်တီးနိုင်စွမ်းကို အခြေခံ၍ ယင်းတို့၏အဖိုးတန်ရတနာများထဲမှ အစိတ်အပိုင်းအချို့ကို အသုံးပြုခြင်း အားဖြင့် ကျွန်တော်ရှာဖွေတွေ့ရှိသမျှများကို မပျက်စီးအောင်၊ အစွန့်ရှည်စွာ တည်တံ့အောင် ကယ်တင်ရန် အားပေးလျက်ရှိသည် ဟုလည်းယုံကြည်လာ သည်။

ရှက်သလိုလို၊ ရွံ့သလိုလိုနှင့်ပင် ကျွန်တော်သည် ကဗျာအတိုအတွာ ကလေးများကို ရေးဖွဲ့ခဲ့သည်။ တဖြည်းဖြည်းနှင့် ကျွန်တော့်ဗလာစာအုပ် အများအပြားထဲတွင် ကဗျာတို၊ ကဗျာရှည်များ၊ စာအကြောင်းပေအကြောင်း ရေးထားသည့် စာတို၊ စာစများ၊ ဝတ္ထုတိုများဖြင့် ပြည့်ပြည့်လာသည်။ ထိုအရာအားလုံးသည် တန်ဖိုးရှိချင်မှလည်း ရှိပါလိမ့်မည်။ သို့သော်လည်း ကျွန်တော့်စိတ်ကို များစွာချမ်းသာစေခဲ့သည်။ ကြည်နူးစေခဲ့သည်။ ရင်ဖို စေခဲ့သည်။ ယင်းအားထုတ်မှုများနှင့်အတူ ကျွန်တော်သည် တဖြည်းဖြည်း ချင်း ဝေဖန်ဆန်းစစ်နိုင်သောအစွမ်းနှင့် မိမိကိုယ်မိမိ ပြန်လည်ဝေဖန်နိုင် သော သတ္တိများကို မွေးမြူလာနိုင်ခဲ့သည်။

ဤသို့ဖြင့် ကျွန်တော်၏ကျောင်းသားဘဝနောက်ဆုံးနှစ်တွင် မျှော်လင့် ချက်ပျက်ပြားခြင်းတည်းဟူသော စိတ်ပျက်အားငယ်စရာနှင့် ပထမဆုံး အကြိမ်ရင်ဆိုင်ခဲ့ရသည်။ မရှောင်မလွှဲသာသည့် အရာတစ်ခုဖြစ်၏။ ထိုစဉ်က ကျွန်တော်၏လူငယ်ဘဝကို စွန့်လွှတ်စအချိန်ဖြစ်သည်။ ကျွန်တော်သည် ဂေါ့ဖရိုက်ကဲလား၏စာအုပ်များကို ဖတ်လိုက်ရသည့်အခါ ကျွန်တော် ရေးထားခဲ့သမျှအားလုံးကို ဘဝင်မကျသောစိတ်ဖြင့် ပြန်လည်၍ ဝေဖန် ဆန်းစစ်မိသည်။ ကျွန်တော်သည် စာအားလုံးကို နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဆက်တိုက်ဖတ်ခဲ့ခြင်းဖြစ်၏။

ထိုအခါ မှန်ကန်မှုနှင့် အလှမ်းဝေးလှသည့် အတွေးအခေါ်၊ အယူအဆ များကို မြင်တွေ့လာသည်။ ဘဝအတွေ့အကြုံ မရင့်ကျက်သေးခြင်း၏

mgyoe.com

mgyoe.com

အခိုးအငွေ့များကို နားလည်လာသည်။ ချက်ချင်းပင် ကျွန်တော်သည် ကျွန်တော့် ကဗျာများ၊ စာတိုပေစများနှင့် ဝတ္ထုတိုများကို မီးရှို့ပစ်လိုက်သည်။ နာကျင်သော ဝေဒနာနှင့် စိတ်ပျက်အားငယ်မှုတို့ကို ရင်ဝယ်ပိုက်ကာ ကြေကွဲဝမ်းနည်းစွာဖြင့် ကမ္ဘာလောကကြီးအတွင်းသို့ မျှော်ကြည့်မိပါသည်။

❑

mgyoe.com

mgyoe.com

## ၂။

အမှန်အတိုင်းဝန်ခံရမည်ဆိုပါက ချစ်ရေးချစ်ရာကိစ္စများတွင် ကျွန်တော်သည် ဘဝတစ်လျှောက်လုံး ကလေးငယ်အဆင့်၌သာ ရှိခဲ့သည်။ ကျွန်တော့်အဖို့ မိန်းမများကိုချစ်ခြင်းသည် အချစ်စစ်၊ အချစ်မှန်ကို သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်နေခြင်းဖြစ်သည်။ ကျွန်တော်၏အချစ်စိတ်သည် ကျွန်တော်၏စိတ်လက်ကြည်လင်မှုထဲမှထွက်လာပြီး အမြင့်သို့တစ်ရှိန်ထိုးတက်ရန် အားယူနေသည့် မီးတောက်မီးလျှံတစ်ခုနှင့်တူနေသည်။ ပြာသောကောင်းကင်ဆီသို့ လက်နှစ်ဖက်ကို ဆန့်မြှောက်ကာ ဆုတောင်းနေသည်နှင့်လည်း တူနေသည်။

အမေ့အပေါ်၌ ကျွန်တော်ချစ်ခဲ့သည့် အချစ်စိတ်သည် ရင်ထဲ၌ ကိန်းအောင်းလျက်ရှိသော မရေမရာ၊ မပြတ်မသားရှိလွန်းလှသည့် အခြားအချစ်စိတ်များနှင့်ပေါင်းစပ်ယှက်နွယ်နေသည်။ ထို့ကြောင့်လည်း ဣတ္ထိလိင်ဟုသမုတ်ထားသော မိန်းမများအား ကျွန်တော်သည်အစဉ်အမြဲ လေးစားသည်။ ဂုဏ်ပြုအပ်သူများဟုလည်းအသိအမှတ်ပြုသည်။ သူတို့သည် ထူးဆန်းသော၊ လျှို့ဝှက်နက်နဲသော အမျိုးအနွယ်များဟု ယူဆသည်။ ယောက်ျားဆို

mgyoe.com

m gyoe.co m

သော သတ္တဝါများထက် သာလွန်သောအဆင့်၌ ရှိနေသည်ဟုလည်း ကျွန်တော် ခံယူသည်။

ကျွန်တော့်အမြင်အရဆိုလျှင် မိန်းမများ၏အလှသည် ယောကျ်ားများထက် တစ်ဆင့်သာလွန်ခြင်းကိုဖော်ပြနေသည်။ သူတို့သည် ကျွန်တော်တို့နှင့် အလွန်အလှမ်းဝေးကွာသည့် ကြယ်များနှင့်တူသည်။ အပြာရောင်တောင်ထိပ်များနှင့် တူသည်။ ကြယ်များနှင့် တောင်ထိပ်များသည် ကောင်းကင်ဘုံနှင့် ပို၍နီးသကဲ့သို့ မိန်းမများသည်လည်း ကောင်းကင်ဘုံနှင့်ပို၍နီးသည်။

ကျွန်တော်သည် ကျွန်တော့်ဘဝထဲမှ ခက်ထန်ကြမ်းကြုတ်သော အတွေ့အကြုံပေါင်းများစွာကို မရမိကတည်းက မိန်းမများအားချစ်မိခြင်းကြောင့် ချိုမြသောအရသာကိုရရှိခဲ့သလို ခါးသီးသောအရသာကိုလည်း ရရှိခဲ့ပါသည်။ သူတို့သည် ကျွန်တော့်အချစ်စိတ်အတွက် ကြီးမားသော အခြေခံအုတ်မြစ်ဟူ၍ ဘာတစ်ခုမှမပေးခဲ့ပါ။ ကျွန်တော့်မှာသာလျှင် ကြေကွဲစရာ၊ ရယ်မောစရာနှင့်အထင်အမြင်သေးဖြစ်စရာ လူတစ်ယောက်အဖြစ်သို့ ကူးပြောင်းရောက်ရှိသွားခဲ့ရလေသည်။

ကျွန်တော်သည် ရိုစီဂါတန်းနားအား ညစာစားရန် အိမ်ပြန်တိုင်း နေ့စဉ်လိုလို တွေ့သည်။ သူမသည် အသက်ဆယ့်ခုနစ်နှစ်အရွယ်ဖြစ်၍ ကိုယ်လုံးကိုယ်ပေါက် ကြံ့ခိုင်တောင့်တင်းသော်လည်း ပေါ့ပါးသွက်လက်သည်။ မျက်နှာသည် ခပ်သွယ်သွယ်ဖြစ်၍ ညိုသောအသားအရေသည် ချောမွတ်လှပသည်။ သူမ၏မိခင်သည် ယခုအချိန်အထိ လှပနေဆဲဖြစ်၍ မိခင်၏အလှနှင့် အဘွား၏အလှတို့သည် သူမတွင် ပီပြင်စွာ ထင်ဟပ်လျက်ရှိ၏။ ယင်းမိသားစု မျိုးနွယ်များသည် မိန်းမလှများကို အစဉ်တစိုက် မွေးဖွားလာခဲ့သဖြင့် ထူးခြားထင်ရှားသည်။ သူတို့မွေးခဲ့သမျှ မိန်းမတိုင်းသည် တည်ငြိမ်၍ အပြစ်ကင်းစင်သော အလှပိုင်ရှင်များ ဖြစ်သည်။

ဆယ့်ခြောက်ရာစုနှစ်အတွင်းက အမည်မသိ ပန်းချီဆရာတစ်ဦး ရေးဆွဲထားခဲ့သည့် ပန်းချီကားတစ်ချပ်သည် ယနေ့အထိရှိနေဆဲ ဖြစ်သည်။ ယင်းပန်းချီမှာ 'ဖတ်ဂါးမိသားစုနွယ်ဝင် အမျိုးသမီးတစ်ဦး၏ပုံ'ဟု အမည်တပ်ထားသည့်ကား ဖြစ်၏။ ကျွန်တော်မြင်ဖူးခဲ့သမျှ ပန်းချီကားများထဲတွင်

mgyoe.com

mgyoe.com


အလှဆုံးကားတစ်ကားဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ဂါတန်းနားနွယ်ဝင် အမျိုးသမီးများအားလုံးသည် ထိုပန်းချီကားထဲမှ မိန်းမပျိုနှင့် တူကြပါသည်။ ကျွန်တော့် ရိုစီမှာလည်း ခြွင်းချက်ထား၍မရပါ။ သူမ၏အလှမှာလည်း ပန်းချီကားထဲက ရုပ်ပုံလွှာအတိုင်းပင် ဖြစ်ပါသည်။

လူ့သဘာဝအတိုင်း ထိုအချိန်ကတော့ ကျွန်တော်သည် ထိုအရာများကို သတိမထားမိပါ။ ကျွန်တော့်အနေဖြင့် သူမ၏ရွှင်လန်းတက်ကြွမှု၊ တည်ကြည်ခံ့ညားမှုနှင့် ဟန်မလုပ်မှုများကိုသာ မြင်ခဲ့ပါသည်။ ကျွန်တော်သည် ညနေစောင်း အလင်းရောင် မပျောက်တပျောက်အချိန်တွင် တစ်နေရာမှထိုင်၍ သူမအား စောင့်ကြည့်ခြင်းဖြစ်၏။ သူမကိုမြင်လိုက်ရသည့်အခါတိုင်း ကလေးဆန်နေဆဲဖြစ်သော နှလုံးသားသည် ကြည်နူးသာယာမှုအပြည့်ဖြင့် တုန်လှုပ်ရပါသည်။ သို့သော်လည်း မကြာခင်မှာပင် စိတ်ကြည်နူးမှုအရသာကို ခံစားနေရသော အချိန်ကာလများသည် အမှောင်ဖုံးခြင်းကို ခံရသည်။ ဝမ်းနည်းကြေကွဲရသောခံစားမှုသည် ချက်ချင်းပင် ဝင်ရောက်လာသည်။

ရုတ်တရက် ကျွန်တော့်စိတ်တွင် အသိတစ်ခုဝင်လာသည်။ တကယ်တော့ ရိုစီသည် ကျွန်တော်နှင့် အဆမတန်အလှမ်းဝေးကွာလှပါသည်။ သူမသည် ကျွန်တော့်အား သိပင်မသိပါ။ ကျွန်တော့်အကြောင်းကို စိတ်ဝင်တစားနှင့် မေးမြန်းစုံစမ်းဖို့ဆိုသည်မှာလည်း ဝေလာဝေး။ ကျွန်တော့်အချစ်သည် သူမ၏သာယာနေသည့်ဘဝရုပ်တည်မှုအတွင်းသို့ ဝင်ရောက်နှောင့်ယှက်မှုတစ်ခုသာလျှင်ဖြစ်နေသည်။ ကျွန်တော့်အနေဖြင့် ထိုအချက်ကို အမှန်အတိုင်း သိမြင်နားလည်ခဲ့သော်လည်း ကျွန်တော့်စိတ်အာရုံတွင် ရိုစီ၏ရုပ်ပုံလွှာသည် အမြဲတစေပေါ်လျက်ရှိ၏။ ရှင်သန်လျက်ရှိ၏။ နွေးထွေးသော ဒီရေသည် ကျွန်တော့်နှလုံးသားတွင် ပြည့်လျှံနေသည်။

နေ့ခင်းပိုင်းဆိုလျှင် ယင်းဒီလှိုင်းများသည် စာသင်ခန်းထဲ၌ စာသင်နေစဉ်အတွင်း ဘွားခနဲပေါ်လာပြီး ကျွန်တော့်တစ်ကိုယ်လုံးအား လွှမ်းခြုံသွားတတ်သည်။ ထိုအခါတွင် ကျွန်တော်သည် မျက်လုံးများကိုမှိတ်၍ လက်နှစ်ဖက်ကို ဘေးတစ်ဖက်တစ်ချက်၌ အသူတစ်ရာနက်သော နွေးထွေးလှသည့် ချောက်ကြီးထဲသို့ မျောဆင်းသွားနေသည်။ ဆရာ့အသံကိုကြား၍ အတန်း

mgyoe.com

mgyoe.com

သားတစ်ယောက်က လက်နှင့်တို့ခါမှပင် ဘဝမှန်ထဲသို့ ပြန်ရောက်လာသည်။ ထိုအခါ ကျွန်တော်သည် အပြင်သို့ပြေးထွက်ခဲ့ပြီး ပတ်ဝန်းကျင်လောကကို ကြည့်သည်။ ရှင်သန်နေသော အရာရာတိုင်းပေါ်၌ ကျဆင်းနေသည့်အလင်းရောင်၊ ချစ်စရာကောင်းသည့် အရောင်မျိုးစုံ၊ စိမ်းမြမြမြစ်ရေ၊ နီနီရဲရဲခေါင်မိုးများ၊ အပြာရောင်သန်းနေသည့် တောင်တန်းများ. . .။ သို့သော်လည်း နေရာတိုင်း၌ ရှိနေသောအလှများသည် ကျွန်တော့်စိတ်ကို ပြောင်းလဲသွားအောင် မစွမ်းဆောင်နိုင်ကြပါ။

ပို၍လှပသော အရာတိုင်းသည် ကျွန်တော့်အတွက် ပို၍ထူးဆန်းသလိုဖြစ်နေသည်မှာ မှန်သော်လည်း ထိုအလှများတွင် ကျွန်တော်စိတ်ဝင်စားခြင်းမရှိပါ။ ကျွန်တော့်စိတ်သည် ယင်းအလှများ၏ အစိတ်အပိုင်းဖြစ်မလာပါ။ ကျွန်တော့်အတွေးများသည် နောက်ဆုံးတွင် ရိုစီထံသို့ ပြန်ရောက်သွားသည်။ အခု တစ်ဒင်္ဂမျှအတွင်း ကျွန်တော်သေသွားသည်ဆိုပါတော့။ ရိုစီသည် ကျွန်တော့်အဖြစ်ကိုသိလိမ့်မည် မထင်ပါ။ ဘယ်လိုဖြစ်တာပါလိမ့်ဟူသောသိချင်စိတ်ဖြင့် စုံစမ်းလိမ့်မည်လည်း မဟုတ်ပါ။ ကျွန်တော့်အတွက် ဝမ်းနည်းကြေကွဲဖို့ဆိုသည်မှာ ပို၍မဖြစ်နိုင်ပါ။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အပေါ် သူစိတ်ဝင်စားလာစေရေးသည် အဓိကမဟုတ်ပါ။ ကျွန်တော့်အနေဖြင့် သူမအတွက် ဘယ်သူဘယ်ဝါကလုပ်ပေးသည်ကို အသိမပေးဘဲ မွန်မြတ်ကောင်းမွန်သော အလုပ်တစ်ခုကိုလုပ်ပေးချင်လှပါသည်။ သူမအတွက် အကျိုးထူးရစေနိုင်မည့် အလုပ်တစ်ခုခုကိုဆိုလိုခြင်းဖြစ်ပါသည်။ တကယ်တော့လည်း ကျွန်တော်သည် ရိုစီအတွက် ရည်ရွယ်၍ထူးခြားသောလုပ်ရပ်များကို ကျွန်တော့်ဘာသာကျွန်တော် ကျိတ်၍လုပ်ခဲ့သည်။

ထိုစဉ်က ကျွန်တော်သည် ကျောင်းပိတ်ရက်အနည်းငယ် ကြုံသဖြင့် အိမ်သို့ပြန်ခဲ့ရသည်။ ကျွန်တော်သည် နေ့စဉ်နေ့တိုင်း ထူးခြားသောအလုပ်တစ်ခုကို လုပ်သည်။ ထိုအလုပ်သည် ရိုစီအား ဂုဏ်ပြု၍လုပ်ခြင်းဖြစ်၏။ တက်ရအခက်ခဲဆုံးသော တောင်ထိပ်ဆီသို့ အမတ်စောက်ဆုံးအပိုင်းမှနေ၍ ကျားကုတ်ကျားခဲ မရမနေတက်ခြင်း၊ ရေကန်ထဲ၌ လှေနှင့်ခက်ခဲရှည်လျားသောခရီးကိုထွက်ခြင်း စသည်တို့ဖြစ်သည်။ ယင်းခရီးများထွက်

mgyoe.com

mgyoe.com

သည့်အခါ အစာနှင့်ရေယူမသွားသဖြင့် ညနေပိုင်းအပြန်ခရီးတွင် အဆမတန် ပင်ပန်းလျက်ရှိ၏။ ဘာပဲဖြစ်ဖြစ် ထိုလုပ်ဆောင်ချက်အားလုံးသည် ရိုစီ၏ အကျိုးအတွက် ရည်မှန်း၍လုပ်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ရောက်လေရာနေရာများတွင် ရိုစီဂါတန်းနား၏ အမည်ကို ရေးထိုးခဲ့သည်။ အများအားဖြင့် လူအများခြေမချနိုင်သည့် တောင်ထိပ်များ၊ လူအများရောက်ဖို့မလွယ်သည့် တောင်ကြားများ၌ သူမ၏ နာမည်ကို အမှတ်တရ ရေးထွင်းခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရမည်ဆိုပါက ကျွန်တော်၏လူငယ်ဘဝသည် စာသင်ခန်း၏ပိတ်လှောင်မှု ဒဏ်ကိုခံနေရသဖြင့် လွတ်လပ်မှုဟူ၍လုံးဝမရှိပါ။ ရိုစီအတွက် သွားရလာရ သည့် ခရီးများသည် ကျွန်တော့်အတွက် ပျော်ရွှင်ကြည်နူးစရာကောင်းသည့် ထွက်ပေါက်များဖြစ်ခဲ့သည်။ ဤခရီးများကြောင့်ပင် ကျွန်တော့်ရင်အုပ်များ သည် ကျယ်လာခဲ့သည်။ ပခုံးများသည် ကြံ့ခိုင်သန်စွမ်းလာသည်။ လက် မောင်းကြွက်သားများသည် ကြီးထွားသန်မာလာသည်။ ကျွန်တော့် မျက်နှာ နှင့် လည်ပင်းတို့သည် ရာသီဥတုဒဏ်ဖြင့် နီညိုရောင်သန်းလာသည်။

ကျောင်းပိတ်ရက်များ၏ နောက်ဆုံးတစ်ရက်တွင် ကျွန်တော်သည် ကျွန်တော့်ချစ်ဦးသူအတွက် ပန်းစည်းတစ်စည်း လက်ဆောင်ပေးရန် ကြိုး ပမ်းခဲ့သည်။ ကြိုးပမ်းရာ၌ ကြီးမားသော ဘေးအန္တရာယ်တစ်ခုနှင့်ရင်ဆိုင် ပြီး လုပ်ဆောင်ခဲ့ရခြင်းဖြစ်၏။ ကျွန်တော်သိထားသည့်အတိုင်းဆိုပါက အီအဲလ်ဝစ္စပင်များသည် တောင်တန်းဆင်ခြေလျှောများရှိ ချောက်ကမ်းပါး များအတွင်း၌ ပေါက်ရောက်သည်။ ယင်းအပင်များမှပွင့်သော ကြယ်ပုံ သဏ္ဌာန် အဝါရောင်ပန်းပွင့်ကလေးများသည် အလွန်လှသည်။ ရှားလည်း ရှား၍ ခက်ခဲပင်ပန်းစွာ ရှာဖွေယူရသောပန်းမျိုး ဖြစ်၏။ သို့သော်လည်း ထိုပန်းများမှာ အနံ့မရှိ၊ အရောင်ကလည်း ကျွန်တော့်မျက်စိထဲတွင် အသက် ကင်းမဲ့နေသဖြင့် ဆွဲဆောင်မှု မရှိ။

ကျွန်တော်သည် အလွန်မြင့်မားသော နေရာများ၌သာရှိတတ်သည့် တောင်နှင်းဆီများကို သတိရသည်။ တောင်နှင်းဆီများသည် နက်ရှိုင်းသော ချောက်ကမ်းပါးများအတွင်း ကျောက်စွန်းကျောက်ဆောင်များကြား၌ ပေါက်သည်။ ပေါက်လျှင်လည်း များများစားစားမဟုတ်။ အနည်းငယ်မျှ

mgyoe.com

mgyoe.com



သာ ဖြစ်သဖြင့် အလွန်ရှားသည်။ သူတို့သည် နောက်ကျပြီးမှပွင့်တတ်သောသဘောရှိ၏။ သူတို့ထံရောက်အောင်သွားဖို့ဆိုသည်မှာ စိန်ခေါ်မှုကြီးတစ်ခုကို ရင်ဆိုင်ရသည်နှင့် တူလှလေသည်။

သို့သော်လည်း လူငယ်နှင့်အချစ် တွဲမိသောအခါ မဖြစ်နိုင်သောအရာဟူ၍ မရှိပါ။ ကျွန်တော်သည် တောင်နှင်းဆီပန်းများဆီသို့ မရောက်ရောက်အောင်သွားသည်။ အလွန့်အလွန် ခက်ခဲပင်ပန်းစွာသွားခဲ့ခြင်း ဖြစ်၏။ နောက်ဆုံး ပန်းများကိုရလာသည့်အခါ ပန်းများကို ပါးစပ်နှင့်ကိုက်၍ ချောက်ကမ်းပါးအတွင်းမှ ပြန်တက်ခဲ့ရသည်။ ပြန်တက်၍မရနိုင်ဟု ပြောနိုင်လောက်သည့်ခရီး ဖြစ်သော်လည်း ကျွန်တော် ပြန်တက်လာနိုင်ခဲ့ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်သည် ပန်းများကိုကိုင်ကာ ငါးနာရီခရီးကို စတင်ခဲ့သည်။ ကျွန်တော်ချစ်သော ရိုစီ၏မြို့ကိုရောက်ဖို့အတွက် လာခဲ့ရသည့်ခရီး ဖြစ်သည်။ ခရီးစထွက်ချိန်တွင် စိတ်လှုပ်ရှားလွန်းသဖြင့် ကျွန်တော့် နှလုံးသားသည် ပြင်းစွာခုန်လျက်ရှိသည်။ ထိုနေ့က ကျွန်တော်လာခဲ့ရသည့် မီးရထားနှင့်ခရီးကို ပီပီပြင်ပြင် မှတ်မိနေသည်။ ဆင်နယ်စတော့တောင်တန်းသည် မီးရထားထွက်လာပြီး မကြာခင်မှာပင် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။ တောင်စွယ်တောင်စွန်းကြီးများသည်လည်း တစ်ခုပြီးတစ်ခု ပျောက်သွားသည်။ မျက်စိအောက်မှ တစ်ခုပျောက်သွားတိုင်း ဝမ်းနည်းသောစိတ်သည် ကျွန်တော့်ရင်ထဲတွင် ကျန်ရစ်ခဲ့ပါသည်။

ကျွန်တော့်ရှေ့တွင် ပျောက်ကွယ်သွားကြသည့် တောင်တန်းတောင်စွန်းများနှင့် တောင်ထိပ်များ၏နေရာတွင် ကျယ်ဝန်းပြန့်ပြူးသော စိမ်းမြမြရှုခင်းပြင်သည် ဝင်လာသည်။ ထိုမြင်ကွင်းသည် ကျွန်တော့်စိတ်ကိုဆွဲဆောင်နိုင်ခြင်း မရှိပါ။ စိတ်ထဲတွင် ဘဝင်မကျသလို၊ ကြောက်ရွံ့သလို၊ အားငယ်သလို ခံစားနေရသည်။ မြေပြန့်လွင်ပြင်များပေါ်သို့ ရောက်လာလေလေ ကျွန်တော်သည် တောင်ကုန်းများနှင့် ကျွန်တော့်မွေးဇာတိ၏လွတ်လပ်မှုကို ဆုံးရှုံးလေဟု ထင်လာသည်။

တစ်ချိန်တည်းမှာပင် ကျွန်တော့်ရှေ့တွင် ရိုစီ၏ရုပ်ပုံလွှာသည် ပေါ်လာနေသည်။ ရထားပြတင်းမှကြည့်လိုက်လျှင် ရွာငယ်အများအပြားကို

mgyoe.com

mgyoe.com

မြင်နေရ၏။ မီးရထားစီးခရီးသည်များသည် တက်လာလိုက်၊ ဆင်းသွားလိုက်၊ စကားပြောသူကပြော၊ ရယ်သူကရယ်၊ တစ်ယောက်ကိုတစ်ယောက် ပြောင်ကြ၊ နောက်ကြ။ အားလုံးသည် တပျော်တပါး။ သူတို့အလယ်တွင် ထိုင်နေသည့် တောင်ပေါ်သားလူငယ်မှာ ကျွန်တော်တစ်ဦးတည်းသာ ဖြစ်၏။ ကျွန်တော်သည် သူတို့အတွက် ရယ်စရာ၊ သရော်စရာများ ဖြစ်နေမလား။ တကယ်တော့ ရိုစီဂါတန်းနားသည် တစ်ချိန်ချိန်တွင် သူတို့ထဲမှ တစ်ယောက်နှင့်သာ လက်ထပ်မည်မှာ မလွဲ။ သူတို့ထဲမှတစ်ဦးသည် ကျွန်တော့်ရှေ့မှ ပိတ်ရပ်ထားလိမ့်မည်မှာ သေချာလျက်ရှိသည်။

ကျွန်တော်သည် တစ်လမ်းလုံး ထိုအတွေးများကိုသာ ရင်ဝယ်ပိုက်လာခဲ့သည်။ မြို့ထဲရောက်သည့်အခါ ကျွန်တော်သည် ကျွန်တော်နေထိုင်ရာ အထပ်ခိုးပေါ်သို့ တက်ခဲ့ပြီး သေတ္တာကိုဖွင့်၍ မှတ်စုစာအုပ်ထဲမှ စာရွက်တစ်ရွက်ကို ဆုတ်ယူလိုက်သည်။ စာရွက်မှာ အကောင်းစားမဟုတ်ပါ။ ယူလာသည့် နှင်းဆီပန်းများကို ထိုစာရွက်နှင့်ထုပ်ကာ အိမ်မှယူလာသည့် ကြိုးတစ်ချောင်းဖြင့် စည်းလိုက်သည်။

အထုပ်မှာ ချစ်လက်ဆောင်ပေးမည့်အထုပ်နှင့် မတူပါ။ ဖြစ်ကတတ်ဆန်း လုပ်ထားသည့် အထုပ်တစ်ထုပ်မျှသာ ဖြစ်ပါသည်။ ကျွန်တော်သည် ထိုအထုပ်ကိုယူ၍ ရှေ့နေဟားဂါတန်းနား၏ နေအိမ်ရှိရာလမ်းထဲသို့ လာခဲ့သည်။ လူသူလေးပါးပြတ်၍ အခွင့်ရလာသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ပွင့်နေသော တံခါးမှနေ၍ ခန်းမကြီးထဲသို့ ဝင်လာခဲ့သည်။ ကျွန်တော့်လက်ထဲမှ စက္ကူထုပ်ကို လှေကားထက်၌ ချထားလိုက်သည်။ ကျွန်တော့်ကို ဘယ်သူမှ မမြင်ပါ။ ကျွန်တော့်အထုပ်ကို ရိုစီ တွေ့၊ မတွေ့ ကိုလည်း ကျွန်တော်မသိပါ။ သို့သော်လည်း ကျွန်တော် အသေအချာသိထားသည့် အချက်မှာ တောင်နှင်းဆီများကို အသက်စွန့်၍ယူခဲ့ပြီးနောက် ရိုစီ၏အိမ် လှေကားထက်၌ ချထားခဲ့သည်ဟူသောအချက်သာ ဖြစ်ပါသည်။

ဘယ်သူတွေက ဘယ်လိုပဲဆိုကြပါစေ။ ကျွန်တော့်လုပ်ရပ်သည် ကဗျာအလွန်ဆန်သည်ဟု ထင်ပါသည်။ ထိုစဉ်က ကျွန်တော့်ရင်ထဲ၌ တောက်လောက်ခဲ့သော အချစ်မီးမှပေါက်ဖွားလာခဲ့သည့် ဇာတ်လမ်းလေးမျှသာ ဖြစ်သော်လည်း ယနေ့အချိန်အထိ ထိုအကြောင်းကိုပြန်တွေးကာ ထိုစဉ်က
mgyoe.com

mgyoe.com


ရရှိခဲ့သော ခံစားမှုကလေးကို ပြန်လည်ရရှိခဲ့စားနေရဆဲပင် ဖြစ်သည်။ စိတ်မချမ်းမမြေ့ဖြစ်နေချိန်များ၌ ထိုဖြစ်ရပ်ကို ပြန်သတိရသည့်အခါများတွင် ကျွန်တော်၏ ရူးမိုက်မှုတစ်ခုမျှသာဖြစ်သည်ဟု တွေးမိသည်။ သို့သော်လည်း ထိုဖြစ်ရပ်သည် နောက်ပိုင်းဖြစ်လာသမျှသော ကျွန်တော်၏ ချစ်ရေးချစ်ရာကိစ္စများနှင့် ခြားနားခြင်းမရှိဟုပင် ယူဆမိပါသည်။

တကယ်တော့ ထိုအချစ်ဇာတ်လမ်းကလေးသည် အစရှိခဲ့သော်လည်း အဆုံးမရှိပါ။ ဘယ်သောအခါမှာမှ ဆုံးလိမ့်မည်လည်း မဟုတ်ပါ။ ကျွန်တော်၏ လူငယ်ဘဝနှစ်ပေါင်းများစွာအတွင်း ထိုချစ်ဇာတ်လမ်းလေး၏ ပဲ့တင်သံကို အစဉ်အမြဲ ကြားနေခဲ့ရသည်။ နောက်ပိုင်းချစ်ဇာတ်လမ်းများနှင့် လိုက်ပါကာ အစ်မကြီးတစ်ယောက်သဖွယ် ကူညီလိုက်ပါလျက်ရှိပါသည်။ ကျွန်တော့်အဖို့မှာလည်း အထက်တန်းလွှာတစ်ဦး၏သမီးဖြစ်သော ရိုစီလောက် မြင့်မြတ်သော၊ သန့်စင်သော၊ ချစ်စရာကောင်းသော ချစ်သူကို နောက်ထပ်မတွေ့တော့ပါ။ နောင်နှစ်ပေါင်းများစွာအကြာတွင် ကျွန်တော်သည် မြူးနစ်မြို့၌ သမိုင်းဝင်ပန်းချီပြပွဲနှင့် ကြုံခဲ့ရ၏။ ထိုပြပွဲတွင် ဖတ်ဂါး၏သမီးအမည်ရှိ ပန်းချီကားကို မြင်ခဲ့ရပြန်သည်။ ပန်းချီကားထဲရှိရုပ်လွှာမှ မျက်လုံးအစုံသည် ကျွန်တော်၏ ကြေကွဲဝမ်းနည်းနေသောမျက်နှာကို ကြည့်ရှုစူးစမ်းနေသည့် အရိပ်အငွေ့များ ထင်ဟပ်နေပါသည်။

ကျွန်တော်သည် တဖြည်းဖြည်းနှင့်ကလေးသူငယ်ဘဝမှ လွတ်မြောက်ကာ လူငယ်ဘဝသို့ အပြည့်အဝ ကူးပြောင်းရောက်ရှိလာခဲ့သည်။ ထိုအချိန်က ရိုက်ကူးထားခဲ့သော ကျွန်တော့်ဓာတ်ပုံသည် ကျန်းမာသန်စွမ်းသော၊ ထွားကျိုင်းလှသော လယ်သမားကောင်လေးတစ်ယောက်၏ရုပ်လွှာကို ဖော်ပြနေသည်။ သပ်သပ်ရပ်ရပ်မဟုတ်သော ကျောင်းဝတ်စုံဝတ်ထားသည့် ကောင်လေး၏ မျက်လုံးအစုံသည် အူတူတူ၊ အတတ၊ ခပ်ထိုင်းထိုင်းပုံကို ပြသနေသည်။ သူ့ဦးခေါင်းသည် ခေါင်းမာခြင်းနှင့်အစွဲအလမ်း ကြီးခြင်းကို ဖော်ပြနေသည်။

ကျွန်တော်သည် အံ့သြစိတ်ဖြင့် ကျွန်တော့်နောက်၌ ကျန်ရစ်ခဲ့သော ကလေးသူငယ်ဘဝကိုကြည့်ရင်း လူငယ်ဘဝတွင် ခြေချခဲ့ရ၏။ ကျွန်တော်၏ ကျောင်းသားဘဝကို မျှော်လင့်ချက်ကြီးစွာဖြင့် လှမ်းမျှော်ကြည့်ခဲ့သည်။

mgyoe.com

mgyoe.com


ကျွန်တော် ဖူးရစ်မြို့သို့သွား၍ ပညာသင်ကြားခဲ့ရ၏။ အကယ်၍ ကျောင်းစာတွင်ထူးချွန်ပါက ကျွန်တော့်အား ယဉ်ကျေးမှုလေ့လာရေးခရီးတစ်ခုကို စေလွှတ်ပေးမည်ဟု ကျွန်တော့်အား ကျောင်းထားပေးသူများက ကတိပေးထားသည်။

ထိုကတိသည် ကျွန်တော့်စိတ်အာရုံထဲ၌ သာယာလှပပြီး ရှေးကျသော အနုပညာလက်ရာရှုခင်းများတည်ရာ ဒေသများကို ထင်ယောင်မြင်ယောင်ဖြစ်လာစေခဲ့သည်။ နှစ်သက်စဖွယ်ကောင်းသည့် တောအုပ်ကလေး. . .၊ ဂရိပညာရှင်ကြီး ဟိုးမားနှင့် ပလေတိုတို့၏ရုပ်တုများ . . . ။ ကျွန်တော်သည် ထိုနေရာ၌ ထိုင်နေသည်။ ပတ်ပတ်လည်တွင် မြို့၊ ရေကန်နှင့် တောင်တန်းကြီးများ . . . ။ ကျွန်တော့်စိတ်သည် ပို၍တည်ငြိမ်လာသည်။ ကျွန်တော့်ဘဝ၏ အနာဂတ်အရေးကို တွေးတောဆင်ခြေမိသည်။ ကျွန်တော်သည် မိမိကိုယ်မိမိ တန်ဖိုးရှိလာအောင် လုပ်သင့်သည်ဟု တွေးလာမိသည်။

ကျွန်တော်၏ ကျောင်းနောက်ဆုံးနှစ်တွင် ကျွန်တော်သည် အီတလီဘာသာ စာပေကို သင်ကြားခဲ့ရသည်။ ပထမဆုံး ရှေးဝတ္ထုစာရေးဆရာများ၏ စာပေများနှင့် စတင်မိတ်ဆက်ခွင့်ရသောနှစ် ဖြစ်၏။ နောင်အခါ ကျွန်တော် တက္ကသိုလ်ရောက်ချိန်တွင် ထိုစာပေများပါဝင်သော စာပေနှင့် အနုပညာ ဘာသာရပ်သည် ကျွန်တော့်အတွက် အဓိကဘာသာရပ်တစ်ခု ဖြစ်လာခဲ့ပါသည်။ ဤသို့ဖြင့် ကျောင်းနောက်ဆုံးနှစ် ကုန်ဆုံးသွားခဲ့သည်။ ကျွန်တော့်ဆရာများနှင့် အဆောင်မှူးများအား နှုတ်ဆက်ရမည့်နေ့သို့ ဆိုက်ရောက်လာသည်။ ကျွန်တော်သည် ပစ္စည်းအားလုံးကို သိမ်းဆည်းကာ သေတ္တာထဲသို့ထည့်၍ ဆရာများအားနှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ လမ်းခုလတ်တွင် ကျွန်တော်သည် ရိုစီတို့အိမ်ဘက်သို့သွား၍ အိမ်ပြင်ဘက်တွင် ခဏတစ်ဖြုတ်အချိန်ကုန်ခဲ့ရပါသေးသည်။

ကျောင်းများပိတ်ထားသည့် ဤအချိန်ကာလအတွင်း ကျွန်တော့်ရှေ့ရေးသည် မရေမရာဖြစ်လာသည်။ ကျွန်တော်၏စိတ်ကူးယဉ်အိပ်မက်များသည် အကောင်အထည်ပေါ်လာဖို့ မနီးစပ်သည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ကျွန်တော် ပထမဆုံးကြုံရသည့်အဖြစ်မှာ ကျွန်တော့်အမေ နေမကောင်းခြင်း ဖြစ်၏။ အမေသည် အိပ်ရာပေါ်မှ မထနိုင်ပါ။ စကား

mgyoe.com

mgyoe.com


လည်း များများမပြောပါ။ ကျွန်တော် အိမ်ပြန်ရောက်လာသည်ကိုပင် ယခင်ကလို ဝမ်းသာအားရ မကြိုနိုင်ခဲ့ပါ။ အမေ့အပြုအမူများနှင့် ပတ်သက်၍ ကျွန်တော့်စိတ်တွင် ဘဝင်မကျဖြစ်ခဲ့ရပါသည်။ ဤကြားထဲတွင် ကျွန်တော်၏ရှေ့ရေးနှင့်ပတ်သက်၍ အလားအလာမကောင်းကြောင်းကို သိလိုက်ရသည့်အခါ ကျွန်တော့်တွင်ရှိနေသည့် သာယာပျော်ရွှင်မှုများသည် ဆိတ်သုဉ်းသွားခဲ့ရလေသည်။

ထို့နောက်တော့ အဖေက အခြေအနေအရပ်ရပ်ကို ကျွန်တော့်အား ရှင်းပြသည်။ ကျွန်တော် ပညာဆက်လက်သင်ယူလိုခြင်းကို သူကန့်ကွက်စရာမရှိ။ သဘောတူသည်။ လိုလားသည်။ သို့သော်လည်း ကျွန်တော် ပညာဆက်သင်ဖို့အတွက် ပညာသင်စရိတ်ငွေကို သူမတတ်နိုင်။ အကယ်၍ ကျွန်တော် ရထားသည့် စကောလားရှစ်ပညာသင်ဆု ထောက်ပံ့ငွေနှင့် မလုံလောက်ပါက မိမိ၏ ပညာသင်စရိတ်လောက်ငရေးအတွက် အလုပ်တစ်ခုခုကို လုပ်မှဖြစ်မည်။ သူ ကျွန်တော့်အရွယ်လောက်က သူ့ဝမ်းသူကျောင်းခဲ့ရသည်။ စသည်ဖြင့် အကျယ်တဝင့် ရှင်းပြသည်။

ကျွန်တော်သည် ယခင်ကလို လမ်းလျှောက်ခြင်း၊ လှေလှော်ခြင်းနှင့် တောင်တက်ခြင်း စသည့်များကို များများမလုပ်နိုင်ပါ။ အိမ်အလုပ်များနှင့် လယ်ကွင်းများထဲ၌ အလုပ်များရှိနေ၍ ဖြစ်သည်။ အားလပ်သည့် မွန်းလွဲပိုင်းများတွင်လည်း ဘာကိုမှ ဟုတ်တိပတ်တိလုပ်ချင်စိတ်မရှိ။ စာဖတ်ခြင်းကိုပင် သိပ်ပြီး မလုပ်ဖြစ်ပါ။ နေ့စဉ် ကျွန်တော်လုပ်နေရသည့် အလုပ်များမှာ များပြားလှ၏။ ပင်ပန်းလှ၏။ နေ့စဉ်နှင့်အမျှ ကျွန်တော့်ထံမှ ထုတ်ယူသွားနေသည့် ကိုယ်အင်အားနှင့် စိတ်အင်အားများမှာ များလွန်းလှသည်ဟု ထင်သည်။ ဤအကြောင်းကိုတွေးမိတိုင်း ကျွန်တော်သည် စိတ်ပင်ပန်းလှရုံမျှမက ဒေါသလည်း ဖြစ်မိပါသည်။

ကျွန်တော့်အပေါ်၌ထားရှိသော အဖေ၏သဘောထားနှင့် လုပ်နည်းလုပ်ဟန်များသည် မြန်လွန်း၊ ကြမ်းလွန်းလှသည်ဟု ကျွန်တော်ထင်သည်။ သို့သော်လည်း ကျွန်တော့်အတွက် ငွေကြေးကုန်ကျစရိတ် မလိုတော့ဘဲ သက်သာရာရသွားသည့် အချိန်မှစ၍ အဖေသည် ကျွန်တော့်အပေါ် ကရုဏာမကင်းကြောင်း အမူအရာနှင့် ပြခဲ့သည်။ သူ့နှုတ်ကတော့ နှစ်သိမ့် ဖျောင်းဖျ

mgyoe.com

mgyoe.com


သည့်စကား တစ်လုံးမှ ထွက်မလာပါ။ မည်သို့ဆိုစေ ကျွန်တော်၏ ကျောင်းမှရခဲ့သောပညာနှင့် ကျွန်တော်ဖတ်နေသော စာအုပ်များအပေါ်၌ ဘာထင်မြင်ချက်မှမပေးဘဲ ရေငုံနှုတ်ပိတ်လုပ်နေခြင်း၊ အထင်အမြင် သိပ်မကြီးလေဟန်ပြုခြင်း စသည်တို့သည် ကျွန်တော့်စိတ်ကို များစွာ အနှောင့်အယှက်ဖြစ်စေခဲ့ရုံမျှမက ရင်ထဲ၌ နာကျင်သောဝေဒနာကိုပင် ရရှိခံစားစေခဲ့ပါသည်။

ထို့နောက်ကတော့ ကျွန်တော့်စိတ်သည် မကြာခဏဆိုသလို ရိုစီထံ ရောက်ရောက်သွားသည်။ ထိုအခါ ကျွန်တော့်ရင်ထဲ၌ အားငယ်မှုသည် ပြန်ဝင်လာပြန်သည်။ ကျွန်တော်သည် လယ်သမားမိဘများမှ ပေါက်ဖွားလာသူ ဖြစ်သဖြင့် ပြင်ပကမ္ဘာအတွင်း၌ အများက လေးစားအပ်သည့် လူကုံထံတစ်ယောက် ဖြစ်လာဖို့ဆိုသည်မှာ မလွယ်ဟု ထင်ပါသည်။ ထိုအထင်သည် ကျွန်တော့်စိတ်ကို ဖိစီးနှိပ်စက်နေပြန်ပြီ ဖြစ်၏။ ကျွန်တော့်အနေဖြင့် ကျွန်တော်သင်ယူထားခဲ့သည့် လက်တင်ဘာသာ စာပေများကို မေ့ပစ်လိုက်ပြီး ယခင်ကထားရှိခဲ့သည့် မျှော်လင့်ချက်အားလုံးကို စွန့်လွှတ်လိုက်ရမည်လော။ ကျွန်တော့်အနေဖြင့် ကျွန်တော်၏ မွေးရပ်ဇာတိရွာမှာပင် အခြေစိုက်၍ ခက်ခဲပင်ပန်းသမျှကို ရင်ဆိုင်ကာ အသက်မွေးဝမ်းကျောင်း ပြုရလျှင်ကောင်းလေမလား။

ကျွန်တော်သည် နာမကျန်းဖြစ်နေသော မိခင်ကြီး၏အိပ်ရာဘေး၌ ထိုင်ကာ ကျွန်တော့်ဘဝရှေ့ရေးကို တွေးရသည်မှာ အချိန်တွေကုန်လှပါသည်။ စိတ်သက်သာမှုနှင့် အေးချမ်းမှုကိုမရဘဲ စိတ်ညစ်စိတ်ရှုပ်ရခြင်းများကိုသာ အဖော်ပြုနေရပါသည်။ တစ်ချိန်က ကျွန်တော့်စိတ်အာရုံ၌ ပေါ်ခဲ့ဖူးသည့် တောအုပ်ကလေးနှင့် ဟိုးမားရုပ်တုတို့သည် သရော်စရာပြက်လုံးတစ်ခု ဖြစ်သွားခဲ့ပါပြီ။ ဤသီတင်းပိတ်များအတွင်း ကျွန်တော်သည် အရာရာကို စိတ်တိုင်းမကျခြင်း၊ ဒေါသဖြစ်ခြင်း၊ မျှော်လင့်ချက်ကင်းမဲ့ခြင်းတို့ဖြင့်သာ ထွေးလုံးရစ်ပတ်ဖြစ်လျက် ရှိပါသည်။

ပူပြင်းသော နွေရာသီတစ်မနက်တွင် ကျွန်တော်သည် အိပ်ရာမှ အစောကြီး နိုးလာသည်။ ရေငတ်လွန်းသဖြင့် ရေရှိရာ မီးဖိုခန်းဘက်သို့ ထလာခဲ့သည်။ မီးဖိုထဲရောက်ဖို့မှာ ကျွန်တော့်မိဘများ၏အိပ်ခန်းထဲမှ ဖြတ်ရပါ

mgyoe.com

mgyoe.com


သည်။ ကျွန်တော် အိပ်ခန်းထဲမှအဖြတ်တွင် အမေ့ညည်းသံများကို ကြား ရသည်။ ခါတိုင်းကြားနေကျ ညည်းသံမျိုးနှင့်မတူဘဲ ထူးခြားနေသဖြင့် ဖျတ်ခနဲ ကြည့်မိသည်။ ကျွန်တော်သည် အမေ့အိပ်ရာအနားသို့ ရောက် သွားသည်။ အမေသည် ကျွန်တော့်ကိုမမြင်ပါ။ စကားလည်း မပြောပါ။ အမေ့ထံမှ ညည်းသံများသာ ဆက်ကြားနေရ၏။ အမေ့မျက်တောင်များ သည် တဖျတ်ဖျတ် ခတ်နေကြသည်။ ပါးများသည် ပြာနှမ်းနှမ်း ဖြစ်နေ ကြ၏။

ကျွန်တော်သည် အမေ့အတွက် စိတ်ပူနေသော်လည်း ကြောက်လန့် ခြင်းတော့ မဖြစ်ပါ။ အမေ့လက်များသည် အိပ်ရာခင်းပေါ်၌ ငြိမ်သက်စွာ ကျနေကြသည်။ လက်များကိုကြည့်ခြင်းအားဖြင့် အမေသည် သေငယ် ဇောနှင့် မြောပြီဖြစ်ကြောင်း ကျွန်တော် သတိထားမိသည်။ အမေ့လက်များ သည် အသက်ရှင်နေသည့်လူ၏လက်များနှင့် မတူတော့ပါ။ ကျွန်တော် သည် ရေငတ်နေခြင်းကို သတိမရတော့ပါ။ အမေ့အိပ်ရာဘေး၌ ဒူးထောက် ၍ထိုင်လိုက်သည်။ အမေ့မျက်ခွံများကို လက်တင်ကာ အသာအယာဖွင့်၍ မျက်လုံးများကို ကြည့်သည်။ အမေ့မျက်လုံးများသည် ချုပ်ငြိမ်းလုနီးနေ ကြပြီ။ အမေ့ဘေး၌ အိပ်မောကျနေသော အဖေ့ကိုနှိုးဖို့ပင် သတိမရ။ ကျွန်တော်သည် ခုတင်ဘေး၌ နှစ်နာရီကြာမျှ ဒူးထောက်ထိုင်ကာ သေခြင်း နှင့် ယှဉ်ပြိုင်တိုက်ခိုက်နေရသော အမေ့အား ကြည့်နေရပါသည်။ အမေ သည် သေခြင်းတရားကို ရင်ဆိုင်ရာ၌ တည်ငြိမ် အေးဆေးလှပါသည်။ ကြံ့ခိုင်သိက္ခာ ရှိလှပါသည်။ ကျွန်တော့်အတွက် မြတ်သောနမူနာတစ်ခု ပေးခဲ့ခြင်းဖြစ်ပါ၏။

အခန်းငယ်ကလေးသည် တိတ်ဆိတ်လျက် ရှိသည်။ တဖြည်းဖြည်း နှင့် နေ့၏အလင်းရောင်သည် အခန်းထဲသို့ဝင်လာသည်။ တစ်ရွာလုံးသည် အိပ်မောကျနေဆဲ။ ကျွန်တော့်စိတ်သည် သေငယ်ဇောနှင့်မြောနေရှာသည့် အမေ့ဝိညာဉ်နှင့်တွဲကာ အိမ်၊ ရွာ၊ ရေကန်နှင့် ဆီးနှင်းများလွှမ်းခြုံနေသည့် တောင်ထိပ်များပေါ်မှဖြတ်သန်းပြီး သန့်ရှင်းစင်ကြယ်သော နံနက်စောစော မိုးကောင်းကင်၏ လွတ်လပ်ရေးနယ်ပယ်ဆီသို့ ပျံသန်းသွားလျက်ရှိသည်။ ကျွန်တော့်ရင်ထဲတွင် အနည်းငယ်မျှ ဝမ်းနည်းကြေကွဲနေသည်။ လူသား

mgyoe.com

mgyoe.com



တစ်ဦး၏ ဘဝအဆုံးသတ်ပုံသည် ကျွန်တော့်အား ထိတ်လန့်ခြင်းနှင့် အံ့ဩခြင်းကိုဖြစ်ပေါ်စေသည်။

အမေ့ခန္ဓာကိုယ်ထဲမှ ထွက်ခွာလုဆဲဆဲဖြစ်သော ဝိညာဉ်သည် ကြောက်ခြင်း၊ လန့်ခြင်း၊ ညည်းညူခြင်းမရှိ၊ ဝိညာဉ်၏သတ္တိသည် ကြီးကျယ်လှသည်။ မြင့်မြတ်လှသည်။ ဂုဏ်သိက္ခာမြင့်မားလှသည်။ ထိုဝိညာဉ်၏အလင်းရောင်သည် ကျွန်တော့်ဝိညာဉ်တွင်းသို့ ထိုးဖောက်ဝင်ရောက်သွားနေသည့် လက္ခဏာရှိပါသည်။ တကယ်တော့ အမေ့နောက်ဆုံးခရီးတွင် အဖေသည် အမေ့အိပ်ရာဘေး၌ အိပ်မောကျနေသဖြင့် အားပေးစကားမပြောနိုင်။ အမေ့အား တရားပြမည့် ဘုန်းတော်ကြီးပင်မရှိ။ သို့သော်လည်း အမေ့ဝိညာဉ်သည် တုန်လှုပ်ခြင်း ရှိပုံမရ။ အမေ့မျက်လုံးများ ပိတ်သွားချိန်တွင် ကျွန်တော်သည် အမေ့ကို တယုတယ နမ်းလိုက်မိသည်။ ကျွန်တော့်ဘဝတွင် ပထမဆုံးအကြိမ် နမ်းခြင်းဖြစ်ပါ၏။ အမေ့နှုတ်ခမ်းများသည် အေးစက်နေကြသည်။ ကျွန်တော်သည် ထိုင်ရာမှထကာ အမေ့အိပ်ရာအစွန်းတွင် ဝင်ထိုင်သည်။ ထိုအခါကျမှပင် မျက်ရည်ပေါက်များသည် ကျွန်တော့်ပါးနှစ်ဖက်သို့ စီးကျလာနေသည်။ ထိုမှတစ်ဆင့် မေးစေ့တစ်လျှောက်စီးဆင်းကာ လက်နှစ်ဖက်ပေါ်သို့ တပေါက်ပေါက် ကျဆင်းနေကြလေသည်။

မကြာခင်မှာပင် ကျွန်တော့်အဖေသည် အိပ်မောကျနေရာမှ နိုးလာသည်။ ကျွန်တော်ထိုင်နေသည်ကို မြင်သည့်အခါ ဘာဖြစ်တာလဲဟု အိပ်ချင်မူးတူးသံဖြင့် လှမ်းမေးသည်။ ကျွန်တော်က အဖြေပေးဖို့ကြိုးစားသော်လည်း အသံမထွက်။ ကျွန်တော်သည် မူးတူးတူး မင်တင်တင်ဖြင့် အပြင်သို့ထွက်လာခဲ့သည်။ ကျွန်တော့်အခန်းထဲသို့ရောက်သွားပြီး အဝတ်လဲနေမိသည်။ ချက်ချင်းပင် အဖေရောက်လာသည်။

'မင့်အမေဆုံးပြီ မင်းသိတယ်မဟုတ်လား' ဟု ပြောသည်။ ကျွန်တော်က ခေါင်းညိတ်ပြသည်။

'ဒါဆိုရင် မင်း ဘာဖြစ်လို့ ငါ့ကိုမနိူးတာလဲကွ။ သူ့အတွက် ဘုန်းကြီးတောင် ပင့်မပေးရဘူး။ မင့်အနေနဲ့ . . .'

ကျွန်တော့်ခေါင်းထဲတွင် နာကျင်မှုဝင်လာသည်။ သွေးကြောများ ပြတ်ကုန်လိမ့်မည်ဟုပင် ထင်မိ၏။ ကျွန်တော်သည် အဖေ့လက်များကိုဆွဲယူ

mgyoe.com

mgyoe.com

ကာ ဆုပ်ကိုင်ထားသည်။ ယခုအခါတွင် ကျွန်တော့်ကိုယ်ခန္ဓာသည် အဖေ့ထက် ကြီးမားထွားကျိုင်းနေပြီဖြစ်ရာ လူချင်းယှဉ်ရပ်လိုက်လျှင် အဖေသည် ကလေးတစ်ယောက်နှင့် တူနေသည်။ ကျွန်တော်သည် အဖေ့မျက်နှာကို စိုက်ကြည့်နေမိပါသည်။

ကျွန်တော် စကားပြန်မပြောနိုင်ပါ။ အဖေသည် သူ့စိတ်သူ ထိန်းထားသည်။ သားအဖနှစ်ယောက် အမေ့အလောင်းနားသို့ ပြန်ရောက်သွားကြသည့်အခါ အဖေ့မျက်နှာသည် ပြောင်းလဲသွားသည်။ သေခြင်းတရားသည် သူ့စိတ်အား လွှမ်းမိုးသွားပုံရ၏။ သူ့မျက်နှာတွင် ထူးဆန်းအံ့သြသွားသည့် အရိပ်အငွေ့များ ထင်ဟပ်လာသည်။ ထို့နောက် အမေ့အလောင်းကို ငုံ့ကြည့်နေသည်။ ကလေးတစ်ယောက်သဖွယ် ကျိတ်၍ ငိုရှိုက်သံများ ထွက်ပေါ်လာသည်။

ကျွန်တော်သည် အဖေ့အားထားခဲ့ပြီး အိမ်နီးနားချင်းများထံသွား၍ သတင်းပေးသည်။ သူတို့သည် ကျွန်တော့်စကားကို နားထောင်ကြသည်။ စကားတစ်ခွန်းမျှ ပြန်မပြောကြပါ။ ဘာတစ်ခုမှလည်း မေးမြန်းစုံစမ်းခြင်း မပြုကြပါ။ ချက်ချင်းပင် ကျွန်တော်တို့အိမ်သို့ လိုက်လာကြပြီး အိမ်အတွက် လိုအပ်သမျှအကူအညီများ ပေးကြသည်။ တစ်ယောက်ကတော့ ဘုန်းကြီးပင့်ရန် ဘုန်းကြီးကျောင်းဘက်သို့ ပြေးသွားသည်ကို တွေ့ရ၏။ ကျွန်တော် တစ်အိမ်တက်ဆင်း သတင်းပေးပြီး၍ အိမ်ပြန်ရောက်သည့်အခါ အိမ်နီးနားချင်းတစ်ယောက်သည် ကျွန်တော်တို့နွားခြံထဲဝင်ကာ နွားမများကို အစာကျွေးလျက်ရှိပါသည်။

ဘုန်းကြီးနှင့်တကွ ရွာထဲရှိ မိန်းမတိုင်းလိုလို အိမ်သို့ရောက်လာကြသည်။ အရာရာတိုင်းပင် အဆင်ပြေသည်။ လူတိုင်းက အမေ့ကိစ္စကို သူတို့၏ ကိုယ်ပိုင်အရေးကိစ္စတစ်ခုသဖွယ် သဘောထား၍ လုပ်ကိုင်ပေးကြသည်။ အမေ့အတွက် ခေါင်းလုပ်ရာ၌ပင် ကျွန်တော်တို့ဝင်မလုပ်ရပါ။ တစ်ယောက်တစ်လက် ဝိုင်းဝန်း၍လုပ်ကိုင်သွားကြသည်။ ကိုယ့်ရပ်ကိုယ့်ရွာမှ ကိုယ့်လူများကြား၌ နေထိုင်ရခြင်းနှင့် ကိုယ့်အားကိုယ်ကိုး၍ လုံလောက်စွာ နေထိုင်နိုင်သည့် အစုငယ်တစ်စုတွင် နေထိုင်ရခြင်းသည် အရေးကြုံလာသည့်အခါ များစွာအကျိုးရှိသည်ကို ကျွန်တော် ပထမဆုံးအကြိမ် နားလည်သိရှိခွင့်ရခဲ့ပါ

mgyoe.com